# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး

# နဝမနေ့ မှတ်တမ်း

၁၃၇၂ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်

( ၂၀၁၁ ခုနှစ်၊ မတ်လ ၁၄ ရက် )

[ တနင်္လာနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး၊ နဝမနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး၊ လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၂။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးရဲ့ နဝမနေ့ အစီအစဉ်ကို စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ် သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် နဝမနေ့ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်းကြေညာခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး နဝမနေ့မှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေး သို့ တက်ရောက်ခွင့် ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၃) ဦး ရှိပြီး၊ ဒီကနေ့ အစည်းအဝေးကို (၂၂၂) ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရေ စုစုပေါင်းရဲ့ (၉၉.၅၅) ရာခိုင်နှုန်း ရှိပြီး တက်ရောက်တဲ့ ကိုယ် စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့ အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၄၀ နဲ့ နည်းဥပဒေ ၂၁ ၊ နည်းဥပဒေခွဲ (က)နဲ့ (ဂ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အစည်းအဝေးစတင် ကျင်းပကြောင်းကြေညာ ပါတယ်။ ( သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်။ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသား လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော်ပုံမှန် အစည်းအဝေးရဲ့ နဝမနေ့အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ (ဂ) ၊ နည်းဥပဒေခွဲငယ်(၁)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော် ကိုယ်စားလှယ်ဟာ မိမိ ကိုယ်တိုင်သော်

လည်းကောင်း ၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်းခွင့်ပန်ကြား ရမှာဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များရှိလျှင် ယခုခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးကံညွှန့် ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၂) မှအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကံညွှန့် ဖြစ်ပါတယ်။ ကျွန်တော်ခွင့်ပန်ကြားမှာကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်သိန်း အတွက် ဖြစ်ပါတယ်။ ဦးအောင်မြင့်သိန်း သည် သူ၏ ဇနီး ဖြစ်သူ ဆေးရုံတင်ထားရလို့ ကော့ကရိတ်သို့ ခွင့်ပြု န်သွားရာမှ တနင်္ဂနွေညနေမှာ ဘားအံ-နေပြည်တော်ကားနဲ့ ပြန်လည် လိုက်ပါလာခဲ့ပါတယ်။ ကားကလမ်းခရီးမှာပျက်တဲ့အတွက် လွှတ်တော်သို့ အချိန်မီ ရောက်ရှိ လာခဲ့ခြင်းမရှိပါ။ဒါကြောင့် ၁၄-၃-၂၀၁၁ ရက်နေ့ တစ်ရက်အတွက် အစည်းအဝေး တက်ရောက် ခြင်းမှ ကင်း လွတ်ခွင့်ပြုပါရန် ဦးအောင်မြင့်သိန်း ကိုယ်စား ကျွန်တော် ဦးကံညွှန့် မှ ရိုသေစွာ လျှောက်ထားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၉) မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးအောင်မြင့်သိန်း ရဲ့ ၁၄-၃-၂၀၁၁ နေ့ ခွင့်ကို ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကံညွှန့် မှ တင်ပြသွားပါတယ်။ ဒီခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်ရဲ့ သဘောထားကိုရယူမှာဖြစ်ပါတယ် ။

ယခုခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။သဘောတူတဲ့အတွက်ခွင့်ပန်ကြားချက်ကိုလွှတ်တော်ကခွင့်ပြုကြောင်း ကြေညာပါတယ်။ ( သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ်အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေးနေ့ဝမနေ့ကို တက်ရောက်ခွင့်ရှိတဲ့အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၃)ဦး၊ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁)ဦး ဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ(၁)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ န ည်းဥပဒေ ၄ ၊ နည်းဥပ ဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အ ခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုပါသလား ခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အ ခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဘူးသီးတောင်မြို့နယ်ဒေသတွင် စက္ကူပျော့ဖတ် စက်ရုံတည်ဆောက်ရန် အစီအစဉ် ရှိ /မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း**

**အချိန်။ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ ယခု ကြယ်ပွင့်ပြထားတဲ့ မေးခွန်းများဆိုင်ရာ ကဏ္ဍဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။အမျိုးသားလွှတ်တော်သို့အမျိုးသားလွှတ်တော်

ကိုယ်စားလှယ်များကြယ်ပွင့်ပြထားသောမေးခွန်းများမေးမြန်းခြင်းနှင့်ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာဖြစ်ပါတယ်။ ပထမဦးစွာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်အေးထွန်း မေးမြန်းသည့်မေးခွန်း နှစ်ခုဟာ အမှတ်(၁)စက်မှု ဝန်ကြီးဌာန ဝန်ကြီး တစ်ဦးတည်း ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ် ။ ဒါကြောင့် ဦးမောင်အေးထွန်းက မေးခွန်းနှစ် ခု ကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဝန်ကြီးက ဖြေ ကြားဖို့ ဖြစ်ပါတယ်။ ပထမဦးစွာ ရခိုင်ပြည်နယ် ၊ မဲဆန္ဒနယ်အမှတ်(၉)မှ ဦး မောင်အေးထွန်း ၏ ဘူးသီးတောင်မြို့နယ်ဒေသတွင် စက္ကူပျော့ဖတ် စက်ရုံတည်ဆောက်ရန် အစီအစဉ် ရှိ/မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးမောင်အေးထွန်း၊ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)။** ။မင်္ဂလာပါ။အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ ပြည်ထောင်စုအဆင့် နိုင်ငံတော်အကြီးအကဲများ၊ လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအား လေးစားကြောင်း ပဏာမ ဂါဝရပြုပါတယ်။ကျွန်တော်ကတော့ ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၉)က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ကိုယ်စားပြု အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးမောင်အေးထွန်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတာကတော့ ပျော့ဖ တ်စက်ရုံ တ ည်ဆောက်ရေးကိစ္စနှင့် ပတ်သက်ပြီးတော့ လျှောက်ထားမေးမြန်းသွားမှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် ဒေသမှာ တောင်တန်းဒေသ တောင်တန်းတွေပေါပြီး အထူးအားဖြင့် ဆိုင် ဒင်တောင်တန်းများ ဆက်စပ်တောင်တန်းတွေမှာ စက္ကူပျော့ဖတ်ပြုလုပ်နိုင်တဲ့ ဝါး ပင်များ သဘာဝ အလျောက် မြောက်များစွာ ပေါက်ရောက်လျက်ရှိပါတယ် ။ အဲ ဒီဝါးပင်များကို အသုံးပြုပြီး တော့ စက္ကူ ပျော့ဖတ်စက်ရုံတည်ဆောက်မယ်ဆိုရင် ပတ်ဝန်း ကျင်မှာရှိတဲ့လုပ်သား ပြည်သူများ၊ နယ်မြေရှိ လူများဟာ အလုပ်အကိုင်အခွင့်အလမ်း များစွာရရှိပြီး လူနေမှုအဆင့်အတန်းများ မြင့်မားမှာ ဖြစ်ပါတယ်။ ထို့အပြင် နိုင်ငံတော်အနေနဲ့လည်း စက်မှုကုန် ထုတ်လုပ်မှုများ တိုးပွားလာမှာ ဖြစ်ပါတယ်။ အဲဒါကြောင့် အဆိုပါဒေသမှာ စက္ကူပျော့ဖတ်စက်ရုံတည် ဆောက်ပြီး ထုတ်လုပ် နိုင်မည်ဆိုပါက နိုင်ငံတော် အတွက်ရော လုပ်သားပြည်သူ တွေအတွက်ရော များစွာ အကျိုး ကျေးဇူးရှိနိုင်တဲ့အတွက် အဲဒီနေရာမှာ စက္ကူပျော့ဖတ် စက်ရုံတည်ဆောက်ရန် နို င်ငံတော်စိုးရမှ အစီအမံများ ရှိ/မရှိ သိရှိလိုပါကြောင်း လေးစားစွာဖြင့် လျှောက်ထား မေးမြန်း အပ်ပါတယ်။

## တောင်ကုတ်မြို့နယ်တွင် ဘိလပ်မြေထုတ်လုပ်သည့် စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၉)မှ ဦးမောင်အေးထွန်းကပင် တောင်ကုတ်မြို့နယ်တွင် ဘိလပ်မြေထုတ်လုပ်သည့် စီ မံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရှိ /မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးမောင်အေးထွန်း၊ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)** ။ ။ လေးစားအပ်ပါသော အမျိုး သားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်က ဒုတိယမေးခွန်းဖြစ်တဲ့ ဘိလပ်မြေစက်ရုံတည်ဆောက်နိုင်ရေး တည်ဆောက်နိုင်မှု စီမံကိန်းနဲ့ ပတ်သက် ပြီးတော့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊တောင်ကုတ်မြို့နယ်မှာရှိတဲ့နေပူတောင်ဒေသ ဂူတောင်၊ ကန်တောင်ဒေသတို့မှာ ထုံးကျောက်တောင်များရှိပါတယ် ။ အဲဒီထုံးကျောက်တောင်များက တစ်နေ့လျှင် ဘိလပ်မြေတန်ချိန်(၅၀၀)မှ(၂၀၀၀)အထိထုတ်လုပ်နိုင်တဲ့ စက်မှုကုန်ကြမ်းရရှိနိုင်ကြောင်း သိရှိရပါတယ်။ အဲဒီဒေသမှာနိုင်ငံတော်မှ ဘိလပ်မြေစက်ရုံ တည်ဆောက်နိုင်မယ်ဆိုပါက ဒေသမှာရှိတဲ့ တောင်ကုတ်မြို့နဲ့ ဆက်စပ်တည်ရှိနေတဲ့ ဒေသပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများစွာ ရရှိသည့်အပြင် နိုင်ငံတော်အတွက်လည်း ကုန်ထုတ်လုပ်မှုများ တိုးတက်လာမှာဖြစ်ပါတယ်။ ထို့အပြင် ဆက်စပ်နယ်မြေများမှာရှိတဲ့ တောင်ကုတ်မြို့နယ်ဟာ ရန်ကုန် -နေပြည်တော် မန္တလေးအထိ ပေါက်ရောက်တဲ့ မြို့နယ်တစ်ခုဖြစ်တဲ့အတွက် ဆက်စပ်မြို့နယ်များ မှာရှိတဲ့ လူထုဟာ အခြားဒေသမှာသွားရောက်ပြီးတော့ အခြားဒေသကို ထွက်ပြီးတော့ အလုပ်အကိုင် ရှာဖွေရေးကိစ္စကို ဟန့်တားရာကျတဲ့အတွက် များစွာအကျိုးရှိပါတယ်။ ထို့ကြောင့် အဆို ပါ ထုံးကျောက်တောင်များရှိတဲ့ ဂူတောင်၊ ကန်တောင်နှင့်နေပူတောင်ဒေသတွေကို ဘိလပ်မြေစက်ရုံ တည်ဆောက်နိုင်မည့် စီမံကိန်းများကို နိုင်ငံတော် မှ အကောင်အထည်ဖော်ဆောင်ရွက် ရန် အတွက် အစီအမံများ ရှိ/မရှိ ကို လေးစားစွာ လျှောက်ထားမေးမြန်းအပ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးမြန်းသွားတဲ့မေးခွန်း(၂)ခုကို အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးက တစ်ခုချင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဖြေကြားချက်**

**ဦးအောင်သောင်း၊ဝန်ကြီး၊အမှတ်(၁)စက်မှုဝန်ကြီးဌာန**။ ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ် အပေါင်း အားလုံး ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်း တောင်းရင်းနဲ့နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ ဝန်ကြီး ဦးအောင်သောင်း ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်အေးထွန်း၏ မေးခွန်းများနှင့်ပတ်သက်၍ ဖြေကြားရန် တာဝန်ရှိပါတယ်။ ဦးမောင်အေးထွန်း မေးခွန်း (၂)ခု မေးထားပါတယ်။ ပထမမေးခွန်း ကတော့ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်အေးထွန်းမှ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနဲ့ လူ့အရင်းအမြစ်များအပြည့်အဝ အသုံးချနိုင်ရေး အတွက် စက်မှုလက်မှု ကဏ္ဍများကို များစွာတိုးချဲ့ရန်လိုအပ်ကြောင်း။ ထို့ကြောင့် ဘူးသီး တောင်မြို့နယ်ဒေသတွင် ဝါးပင်များ သဘာဝ အလျောက် များစွာပေါက်ရောက်လျက်ရှိရာ စက္ကူပျော့ဖတ်စက်ရုံ တည်ဆောက် ထုတ်လုပ်နိုင်သည့် အလားအလာရှိပါက ဆောင်ရွက်မည့် အစီအစဉ်များ ရှိ/မရှိ သိလိုပါကြောင်း မေးမြန်းထားပါတယ်။ ဒါနဲ့ ပတ်သက်လို့ ဘူးသီးတောင်၊ ပုဏ္ဏားကျွန်းဒေသမှာ ပေါက်ရောက်နေသော ဆိုင် ဒင်ဝါးတောဟာ တစ်ရက်လျှင် တန်(၂၀၀) မှ တန်(၅၀၀)အထိ ထုတ်လုပ်နိုင်တဲ့ စက်ရုံအတွက်လုံလောက်စွာ ကုန်ကြမ်းရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ ပျော့ဖတ် (သို့မဟုတ်) စက္ကူစက်ရုံတစ်ရုံ ဖြစ်လာဖို့အတွက် လိုအပ်ချက်များရှိပါတယ်။ ဒီလိုအပ်ချက်တွေက ဘာတွေလည်းဆိုတော့ ဓာတုဗေဒစက်ရုံ (Chemical Plant)၊ ကလိုရင်းဒိုင်အောက်ဆိုဒ်စက်ရုံ ( Clorine Dioxide Plant )၊ လျှပ်စစ်နှင့်ရေနွေးငွေ့ ဓာတ်အားပေးစက်ရုံ (Generator and Boiler Plant)၊ ပျော့ဖတ်စက်ရုံ (Cooking and Digestining Plant)၊ ပျော့ဖတ်ချက်ပြုလုပ်တဲ့စက်ရုံ (Pulp Sheet Making Plant) ဓာတ်စားပြန်ထုတ်စက်ရုံ (Recorvery Plant) များပါဝင်မှသာလျှင် ပျော့ဖတ် (သို့မဟုတ်) စက္ကူစက်ရုံတစ်ခုဖြစ်လာနိုင်ပါတယ်။ ၎င်းစက်ရုံများအတွက် လိုအပ်ချက်ကတော့ ဝါးတန်ချိန်

တစ်နှစ်လျှင် (၃)သိန်း မှ (၇)သိန်းခွဲခန့် လိုအပ် ပါတယ်။ လျှပ်စစ်ဓါတ်အားက (၂၀)မီဂါဝပ်မှ (၅၀)မီဂါဝပ် လိုအပ်ပါတယ်။ ထုံးကျောက်တန်ချိန်ဟာ (၃)သောင်းမှ(၇)သောင်းခွဲ အထိ လိုအပ်ပါတယ်။ ဆားတန်ချိန်(၉)သောင်း မှ (၃)သိန်းခန့် လိုအပ်ပါတယ်။ တစ်နေ့တစ်ရက်မှာ ရေဂါလံ (၁၀)သန်းမှ (၂၅)သန်းအထိလိုအပ်ပါတယ်။ ဒီ လို လိုအပ်ချက်တွေ ရရှိမှသာလျှင် စက္ကူစက်ရုံ ပျော့ဖတ်စက်ရုံ တစ်ခု လည်ပတ် ထုတ်လုပ်နိုင်တဲ့ အနေအထားရှိပါတယ်။

အထက်ပါ အခြေအနေများနဲ့ ပြည့်စုံမှသာလျှင် ပျော့ဖတ် (သို့မဟုတ်)စက္ကူ စက်ရုံ တစ်ခု တည်ဆောက်နိုင်ပြီ ဖြစ်ပါတယ်။ လ တ်တလောအခြေအနေမှာတော့ လျှပ်စစ်ဓါတ်အား မရရှိနိုင်ခြင်း၊ ငွေအရင်းအနှီးခက်ခဲနေခြင်းနဲ့ အတတ်ပညာပိုင်းဆိုင်ရာ အခက်အခဲများ ရှိခြင်းတို့ကြောင့် အကြိမ်ကြိမ်ကြိုးစားသော်လည်း ပဲ ဖြစ်ပေါ်လာနိုင်ခြင်း မရှိခဲ့ဘူး။ နိုင်ငံခြား ကုမ္ပဏီများဖိတ်ခေါ်၍ ၎င်းဒေသကို (၅)ကြိမ်တိုင်ကွင်းဆင်း လေ့လာဆောင်ရွက် ခဲ့သော်လည်း လျှပ်စစ်စွမ်းအင်နှင့် အခြားအခက်အခဲများကြောင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်း မရှိကြောင်း ဖြစ်ခဲ့ရပါတယ်။

သို့သော် ရခိုင်ပြည်နယ်အတွက် မကြာမီ စွမ်းအင်စွမ်းအားများ တိုးတက်ဖြစ်ထွန်း လာနိုင်သည့် အခြေအနေများ ရှိနေခြင်းကြောင့် ပြည်တွင်းအဖွဲ့ အစည်းများနှင့် နိုင်ငံခြားရင်းနှီး မြှုပ်နှံသူများက ပျော့ဖတ်(သို့မဟုတ်)စက္ကူစက်ရုံ တည်ဆောက်လာနိုင်ဖို့အတွက် အလား အလာ ကောင်းများရှိပါကြောင်းဖြင့် ပထမမေးခွန်းကို ရှင်းလင်း ဖြေကြားလိုပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးမောင်အေးထွန်း က ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနဲ့ လူ့အရင်းအမြစ်များ အပြည့်အဝအသုံးချနိုင်ရေးအတွက် စက်မှုလက်မှုကဏ္ဍကို များစွာတိုးချဲ့ရန် လိုအပ်ကြောင်း။ ထို့ကြောင့် တောင်ကုတ်မြို့နယ် နေပူတောင်ဒေသနှင့်ဂူ တောင်-ကန်တောင် ဒေသ တို့တွင် ထုံးကျောက်များရှိပြီး ဘိလပ်မြေ တစ်ရက် တန်(၅၀၀) မှ တန် (၂၀၀၀)အထိ ထုတ်လုပ်နိုင်သည့် ကုန်ကြမ်းပမာဏရှိကြောင်း။ ဘိလပ်မြေစက်ရုံ တည်ဆောက် ထုတ်လုပ် နိုင်တဲ့ အလားအလာရှိပါက ဆောင်ရွက် မည့် အစီအစဉ် များ ရှိ /မရှိ သိလိုပါကြောင်း မေးထားသော မေးခွန်း ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ တောင်ကုတ်မြို့နယ် မအီမြို့ရဲ့ တောင်ဘက် မိုင်(၂၀)ခန့်အကွာ ကမာရွာ ရဲ့ အရှေ့မြောက်ဘက် (၈)မိုင်ခန့်အကွာမှာ တည်ရှိသော ဂူတောင်-ကန်တောင် ထုံးကျောက်သိုက် ရှိပါတယ်။ ပမာဏသည် တန်ချိန်

(၁၈)သန်းခန့်ပဲ ရှိကြောင်း တွက်ချက်ရပါတယ်။ ထုံးကျောက်သိုက် ပမာဏသည် သေးငယ်နေ၍ တန်(၂၀၀၀)ကျစက်ရုံတည်ဆောက်လျှင် နှစ်အနည်းငယ်အတွက်သာ လုံလောက်ပါတယ်။ ထို့အပြင် တူးဖော်စမ်းသပ်တွေ့ရှိချက်အရ ၎င်းထုံးကျောက်ရဲ့အရည်အသွေး အသင့်အတင့် သာ ကောင်းမွန်ပြီး အများဆုံးပါဝင်ရမည့် မဂ္ဂနီဆီယမ်အောက်ဆိုဒ် ပါဝင်မှုသည် (၃)ရာခိုင်နှုန်းထက် သတ်မှတ်ချက်ထက်အနည်းငယ် ပိုနေပါတယ်။ အထူးသဖြင့် ၎င်း ထုံးကျောက်ဟာ စီလီကွန်ဒိုင်အောက်ဆိုဒ် $SiO_2$ လို့ခေါ်တဲ့ သဲပါဝင်မှုသည် အများဆုံးလိုအပ်ချက် (၆)ရာနှုန်းထက်ပိုပြီး (၁၂)ရာနှုန်း ဖြစ်နေ၍ သတ်မှတ်ချက်ထက် လွန်စွာများပြားနေပါတယ်။ သို့ဖြစ်သည့်အတွက် ၎င်းထုံးကျောက်များသည် ဘိလပ်မြေထုတ်လုပ်ရန်စံသတ်မှတ်ချက်နဲ့ မကိုက်ညီကြောင်း တွေ့ရှိရပါတယ်။ ထုံးကျောက်သိုက် ပမာဏဟာလည်း သေးငယ်နေတဲ့အတွက် ဘိလပ်မြေစက်ရုံတည်ဆောက်ရန် လုံလောက်မှု မရှိပါဘူး။ ထုံးကျောက်အရည်အသွေးသည် အလှဆင်ကျောက်အဖြစ် အသုံးပြုနိုင်တဲ့ ထုံးကျောက်များအဆင့်သာ ဖြစ် နေကြောင်း တွေ့ရှိရပါတယ်။ နေပူတောင်မှ အလှဆင်ကျောက်နဲ့ ဆင်တူနေကြောင်း စမ်းသပ်တွေ့ရှိပါတယ်။ နေပူတောင်ဒေသ ကျောက်များဟာ ဘိလပ်မြေထုတ်လုပ်၍ မရနိုင်ပါဘူး။ အလှဆင်ကျောက်အဖြစ်သာလျှင် အသုံးပြုရန် သင့်လျော်ပါတယ်။ အမှတ်(၁)စက်မှုဝန်ကြီးဌာနသည် နေပူတောင် ဒေသ ကျောက်များကို အလှဆင်ကျောက်များအဖြစ် ထုတ်လုပ်ခဲ့ပါတယ်။ စီးပွားရေး တွက်ခြေ မကိုက်သည့်အတွက် ၂၀၀၆ ခုနှစ် မှာ ရပ်ဆိုင်းခဲ့ ရပါတယ်။ ၎င်းကျောက်များသည်လည်း ဆီလီကွန်အောက်ဆိုက် $SiO_2$ ခေါ် သဲပါဝင်မှုနှုန်းမြင့်မားနေသဖြင့် ဘိလပ်မြေထုတ်လုပ်၍ မသင့်တော်ကြောင်း စမ်းသပ်တွေ့ရှိရပါတယ်။ နေပူတောင်ဒေသနှင့် ဂူတောင် -ကန်တောင်ဒေသတွင် ဘိလပ်မြေ စက်ရုံတည်ဆောက်ပေးပြီး သဘာဝအရင်းအမြစ်အသုံးချရေး၊ နည်းပညာဖွံ့ဖြိုးရေး၊ ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး တို့အတွက် ရခိုင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အဆိုပြုခဲ့ဖြင့်၂၀၀၅-၂၀၀၆ ခုနှစ်တွင် ဤဝန်ကြီးဌာနမှတွင်းဆင်းတိုင်းတာခဲ့ပါတယ်။ ကွင်းဆင်းစစ်ဆေးချက်များအရ နေပူတောင် ဒေသနှင့် ဂူတောင် -ကန်တောင်ဒေသတို့တွင် ဘိလပ်မြေစက်ရုံတည်ဆောက် ရန် ဖြစ်နိုင်ခြေ အလွန်နည်းပါး ကြောင်း ဦးမောင်အေးထွန်း ရဲ့ မေးမြန်းချက်များ ကို ရှင်းလင်းဖြေကြားရင်း နဲ့ နိဂုံး ချုပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ချင်းပြည်နယ်အတွင်း ကမ္ဘာ့လှည့်ခရီးသည်များ ဝင်ရောက်ခွင့်ပြုရန် အစီအစဉ် ရှိ /မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီးချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၃)မှဦးပေါလ်ထန်ထိုင်း က ချင်းပြည်နယ်အတွင်း ကမ္ဘာ့လှည့်ခရီးသည်များ ဝင်ရောက်ခွင့်ပြုရန် အစီအစဉ် ရှိ /မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဦးပေါလ်ထန်ထိုင်း ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန် တော်ကတော့ ချင်း ပြည်နယ်၊ မဲဆန္ဒနယ် အမှတ်(၃)မှ ဖလမ်းမြို့နယ်အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါလ်ထန်ထိုင်းဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတာ ကတော့ ချင်းပြည်နယ်အတွင်း ကမ္ဘာလှည့်ခရီးသည်များ ဝင်ရောက်ခွင့် ပြုရန် အစီအစဉ် ရှိ /မရှိ နှင့်စပ်လျဉ်းတဲ့ မေးခွန်းဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံ မှာ ပြည်နယ်နှင့်တိုင်းဒေသကြီး (၁၄)ခု ရှိပါတယ်။ အဲဒီထဲမှာ ချင်းပြည်နယ်မှ လွဲလို့ အခြား ပြည်နယ်နှင့်တိုင်းဒေသကြီးများမှာ ကမ္ဘာလှည့်ခရီးသည်များ သွားလာလျှက် ရှိကြောင်း သိရပါတယ်။ ချင်းပြည်နယ်မှာလည်းဘဲ ဝိတိုရိယတောင်ကိုအခြေပြုပြီးတော့ နိုင်ငံခြားခရီးသည် များ၊ ကမ္ဘာလှည့်ခရီးသည်များ ကန်ပ က်လက်မြို့ကို လာခွင့်ပြုတယ်ဆိုတာ ကျွန်တော်သိရှိ ပါတယ်။ ဒါပေမယ့် ကန်ပက်လက်မြို့တစ်ခုတည်းမဟုတ်ဘဲနဲ့ ချင်းပြည်နယ်ရှိ အခြား ဒေသများ မှာလည်း ကမ္ဘာလှည့်ခရီးသည်များ လာရောက်ခြင်းအားဖြင့် ကျွန်တော်တို့ ချင်းအမျိုးသားများ အတွက် ဝင်ငွေတိုးလာနိုင်ပါတယ်။ အထူးသဖြင့် ပြည်နယ်မြို့တော်ဟားခါးမှာလည်း ကမ္ဘာလှည့် ခရီးသည်များလာရောက်နိုင်လို့ရှိရင် ပြီးတော့အခြားမြို့ကြီးတွေမှာလည်း လာရောက်ခွင့်ပြုလျှင်ခုန ကျွန်တော်ပြောတဲ့အတိုင်း ကျွန်တော်တို့ပြည်နယ်ဟာ ဖွံ့ဖြိုးမှုအနည်းဆုံး ပြည်နယ်လည်းဖြစ်တယ်။ ဝင်ငွေအနည်းဆုံးပြည်နယ်လည်းဖြစ်တယ်။ အဲလို ကမ္ဘာလှည့်ခရီးသည်များ လာရောက်ခြင်း အားဖြင့် ချင်းအမျိုးသားများ ဝင်ငွေတိုးပွားနိုင်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ ချင်းပြည်နယ် မှာလည်းဘဲ ကမ္ဘာ့လှည့်ခရီးသည်များ လာရောက်ခွင့်ပြုရန် အစီအစဉ် ရှိ /မရှိ ကိုလည်းမေးမြန်း လိုပါတယ်။ အထူး မေးလိုတာတစ်ခုကတော့ ဒီနှစ်မှာ ကမ္ဘာလှည့်ခရီးသည်များ လာရောက် ခွင့်ပြုနိုင်မလား ဆိုတာဖြစ်ပါတယ် ။

**ဥက္ကဋ္ဌ**။ ။ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်း ရဲ့မေးခွန်းကို ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးကဖြေကြားဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၅။**

**ဖြေကြားချက်**

**ဦးစိုးနိုင်(ဝန်ကြီး ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စား လှယ်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ် ။ ယခု ကျွန်တော်တို့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၃) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဖြစ်တဲ့ ဦးပေါလ်ထန်ထိုင်း က ချင်းပြည်နယ်အတွင်းကို ကမ္ဘာလှည့် ခရီးသည်တွေ ဝင်ရောက်ခွင့်ပြုဖို့ အစီအစဉ် ရှိ/မရှိ မေးမြန်းချက်နှင့်ပတ်သက်လို့ ကျွန်တော် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၊ ဝန်ကြီး ဦးစိုးနိုင်ကနေပြီးတော့ ပြန်လည် ရှင်းလင်း ဖြေကြား သွားမှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး နှင့်တကွ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ချင်းပြည်န ယ်ကို မြန်မာနိုင်ငံမှာရှိတဲ့ အခြားပြည်နယ်နဲ့ တိုင်းဒေသကြီးများနည်းတူ ကမ္ဘာလှည့် ခရီးသည်တွေ ဝင် ရောက်လည်ပတ်လျက်ရှိတယ်လို့ ဦးစွာဖြေကြားလိုပါတယ်။ မြ န်မာနိုင်ငံကို လာရောက်တဲ့ ကမ္ဘာလှည့် ခရီးသည်များဟာ ဝင်ရောက်ဖို့ ဗီဇာကို ရယူရပါတယ်။ အဲဒီလိုရယူတဲ့အခါမှာ သူတို့နေထိုင်တဲ့ နိုင်ငံမှာရှိတဲ့ မြန်မာသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးတစ်ခုခုမှာ ကမ္ဘာလှည့် ခရီးသည် ဗီဇာကိုရယူပြီးတော့ လာရောက်လည်ပတ်ကြပါတယ်။ ဒီနေ့ခွင့်ပြုထားတာကတော့မြန်မာနိုင်ငံအတွင်းမှာ ကမ္ဘာလှည့် ခရီးသည်ဗီဇာနဲ့ (၂၈)ရက်လည်ပတ်ခွင့်ပြုထားပါတယ်။ ဒီမှာလည်းပဲ မြန်မာနိုင်ငံကို လာရောက်တဲ့အခါမှာ ရန်ကုန်တို့၊ မန္တလေးတို့၊ ပုဂံတို့ ၊ အင်းလေးတို့ ၊ ကမ်းခြေဒေသတွေကိုတော့ ကမ္ဘာလှည့် ခရီးသည်တွေဟာ လွတ်လွတ်လပ်လပ် သွားရောက်ပြီးတော့ လည်ပတ်နိုင်ပါတယ်။ အချို့ဒေသတွေကတော့နယ်မြေအလှမ်းကွာဝေးခြင်း၊ သွားရမယ့်အချိန်ကြာမြင့်ခြင်း၊ ခရီးသည်များသွားလာ နေထိုင်စားသောက်ရေးမှာ အခက်အခဲတချို့ရှိခြင်း၊ လုံခြုံရေးအရ ကန့်သတ် မှု ရှိခြင်း စတဲ့ ဒီလိုလိုအပ်တဲ့ ပြည်နယ်နှင့်တိုင်းဒေသ အချို့ကို တော့ သက်ဆိုင်ရာ ကော်မတီအသီးသီးက စိစစ်ပြီးမှ အထက်ဌာနရဲ့ ခွင့်ပြုချက်ကို ရယူပြီးတော့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီလိုခွင့်ပြုတဲ့ ခရီးစဉ်တစ်ခုမှာလည်းပဲ သွားမယ့် ခရီးစဉ်ကို တာဝန်ယူစီစဉ်တဲ့ ခရီးသွား

လုပ်ငန်းကုမ္ပဏီ ရှိပါတယ်။ အဲဒီ ကုမ္ပဏီ ကနေ ပြီးတော့ ထည့်လိုက်တဲ့ ဧည့်လမ်းညွှန်လည်းပဲ လိုက်ပါပြီးတော့ ပို့ဆောင်ပေးရတဲ့ သဘော သဘာဝရှိပါတယ်။ ချင်းပြည်နယ်ကို ကမ္ဘာလှည့် ခရီးသည်တွေ ဝင် ရောက်ခွင့်ပြုတဲ့နေရာမှာလည်းပဲ စောစောကရှင်းလင်းတင်ပြတဲ့အချက်တစ်ခု ကြောင့် ကျွန်တော်တို့ သက်ဆိုင်ရာကော်မတီက စိစစ်ပြီးတော့ ကြိုတင်ခွင့်ပြုချက်ရယူပြီးတော့ သွားလာခွင့်ပြုထားပါတယ်။ ဒါကို ကျွန်တော်ထပ်ပြီးတော့ ရှင်းပြရလို့ရှိရင် ၁၉၉၆ခုနှစ်၊ ဧပြီလ (၁၀)ရက်နေ့တုန်းက သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ ထုတ်ပြန်တဲ့အမိန့်စာမှာတော့ ချင်းပြည်နယ်ကို ကမ္ဘာလှည့်ခရီးသည်တွေ သွားလာဖို့ ကန့်သတ်ခဲ့ တာရှိပါတယ်။ ၁၉၉၇ ခုနှစ်မှာ နတ်မတောင် အမျိုးသားဥယျာဉ်ဖွင့်လှစ်ပြီးတဲ့နောက်ပိုင်း ၂၀၀၂ ခုနှစ်မှာဒီဒေသကို ကမ္ဘာ လှည့်ခရီးသည် တွေသွားရောက်ခွင့် ခွင့်ပြုထားတာရှိပါတယ်။ ၂၀၀၇ခုနှစ်မှာလည်းပဲ ချင်းပြည်နယ် အတွင်းမှာ ရှိတဲ့ ကန်ပက်လက်၊ နတ်မတောင်၊ မင်းတပ်တို့အပြင် ထပ်မံပြီးတော့ အေးရွာစခန်း ၊ ရမ်ဆီစခန်း၊ (၈)မိုင်စခန်း ၊ ကနေဒီတောင်၊ မြို့ကြီးများအနေနဲ့ ဖလမ်းနှင့် ဟားခါး တို့ကိုပါ တိုးပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနဆီက ကြိုတင်ခွ င့်ပြုချက်ရယူပြီးတော့ ကမ္ဘာ လှည့်ခရီးသည်တွေကို သွားလာခွင့်ပြုထားပါတယ်။ အခုလည်းပဲ သွားလာလျက်ရှိပါတယ်။ ကိန်းဂဏန်းနဲ့ ပြန်ကြည့်မယ်ဆိုရင် ၂၀၀၈ခုနှစ်တုန်းက ချင်းပြည်နယ်ကို ကမ္ဘာလှည့်ခရီး သည် (၈၀)ဦး ရောက်ခဲ့ပါတယ်။ ၂၀၀၉ ခုနှစ်မှာ (၁၅၁)ဦးရောက်ခဲ့ပါတယ်။ ၂၀၁၀ ခုနှစ်မှာ(၂၈၀)ဦး ဝင်ရောက်ခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်ကတော့ ကမ္ဘာလှည့်ခရီးသည်တွေ လည်း မြန်မာနိုင်ငံကို လာရောက်တာပိုမိုများပြားလာပါတယ်။ ၂၀၁၁ခုနှစ်၊ ဇန်နဝါရီလတစ်လတည်းမှာပဲချင်းပြည်နယ် ကို လာရောက်ပြီးလည်ပတ်တဲ့ ကမ္ဘာလှည့်ခရီးသည် တစ်လတည်း မှာပဲ (၁၁၂)ဦး ဝင်ရောက် ခဲ့ပါတယ်။ ဒါကြောင့်မို့ လို့ ပိုပြီးတော့ ဝင်ရောက်မယ်လို့ ခန့်မှန်းနိုင်ပါတယ်။ ဒါကြောင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၃)၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပေါလ်ထန်ထိုင်း တင်သွင်းမေးမြန်းတဲ့ မေးခွန်းနဲ့ပတ်သက်လို့ အနှစ်ချုပ် ပြန်ပြီး ဖြေကြားရမယ်ဆိုလို့ရှိလျှင် ချင်းပြည်နယ်အတွင်းမှာ ကမ္ဘာလှည့် ခရီးသည်တွေ ဝင်ရောက် ခွင့်ပြုထားပါတယ်။ ယခု ပြည်နယ်အတွင်းမှာ ကမ္ဘာလှည့်ခရီးသည်တွေ ဝင်ရောက်မှုဟာ တစ်နှစ်ထက်တစ်နှစ်ပိုပြီးတော့ တိုးတက်လျက်ရှိတယ်ဆိုတာ လည်းဘဲ တွေ့မြင်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သည်များကိုလည်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း

ဝန်ကြီးဌာနက နေပြီးတော့ ကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ရန်ကုန်မြို့တွင် မြို့ပတ်ရထား ပြေးဆွဲမှု တိုးမြှင့်ဆောင်ရွက်ပေးရေးနှင့်စပ်လျဉ်းသည့် မေးခွန်း**
**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက မေးမြန်းမယ့်မေးခွန်းများဟာ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး တစ်ဦးတ ည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများ ကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဝန်ကြီးက ဖြေကြားဖို့ ဖြစ်ပါတယ်။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၄)မှ ဒေါက်တာမြတ်ဉာဏစိုး ရဲ့ ရန်ကုန်မြို့မှာ မြို့ပတ်ရထား ပြေးဆွဲမှု တိုးမြှင့်ဆောင်ရွက်ပေးရေးနဲ့စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၃။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးတို့ကို ကျန်းမာ ရွှင်လန်းပါစေလို့ဦးစွာ ပထမ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန် တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၄)က အမျိုးသားလွှတ်တော် ကိုယ် စားလှယ် ဒေါက်တာမြတ်ဉာဏစိုးပါ ။ ဒီနေ့ ကျွန်တော် မေးမြန်းချင်တဲ့ မေးခွန်းကတော့ ရန်ကုန်မြို့တော်မှာ မြို့ပတ်ရထားပြေးဆွဲမှု အ ခြေအနေနဲ့ ပတ်သက်ပြီး တော့ တိုးမြှ င့်ဆောင်ရွက်ပေးမှုအ ခြေအနေနဲ့ ပတ်သက်ပြီး မေးမြန်းလိုတာ ဖြစ်ပါတယ်။ ဒီနေရာမှာ ဦးစွာ ပထမတင်ပြချင်တာက ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး အနေနဲ့ ပြည်ထောင်စု အဆင့်ဝန်ကြီးအနေနဲ့ ဒီလို ပြည်သူတွေသိချင်နေတဲ့မေးခွန်းကို တခုတ်တယလာရောက် ဖြေကြားပေးတာကို အထူး ပင်ကျေးဇူးတင်ရှိပါကြောင်း ဦးစွာပထမ တင်ပြလိုပါတယ်။ ဒါ့အပြင် ရထားပို့ဆောင် ရေးဝန်ကြီးဌာန အနေဖြင့် မြန်မာပြည် တနံတ လျား မှာ တိုင်းဒေသကြီးတွေ ပြည်နယ် တွေအနှံ့မှာ ရထားလမ်းကွန်ယက်တွေ များစွာ ချိတ်ဆက်ပြီး တော့ ဖောက်လုပ်ပေးနေတာကိုလည်းတွေ့မြင်နိုင်ပါတယ်။ ဒီအတွက်လည်း အင်မတန်မှ ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်ကြီးတွေ ကိုယ်တိုင်ပဲ နေပြည်တော်ကိုလာရောက်တဲ့ အခါမှာ မြန်မာ့မီးရထား ခရီးစဉ်များကို အသုံးပြုပြီးလာရောက်တဲ့ ကိုယ်စားလှယ်တွေများစွာရှိပါတယ်။ ဒီအတွက်ကြောင့်လည်းများစွာ ကျေး ဇူးတင်ရှိကြောင်း ပြောကြားလို

ပါတယ်။ ယခု ရန်ကုန်တိုင်းဒေသကြီးရဲ့ မြို့တော်၊ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ စီးပွားရေးမြို့တော် ဖြစ်တဲ့ ရန်ကုန်မြို့ရဲ့ မြို့ပတ်ရထားပြေးဆွဲမှု အခြေအနေနဲ့ ပတ်သက်ပြီးတော့လည်း အများပြည်သူ အကျိုးငှာ အပြုသဘောဆော င်စွာနဲ့ တင်ပြမေးမြန်း လိုခြင်း ပြ ဖစ်ပါတယ်။ ကျွန်တော်တို့ ရန်ကုန်မြို့ တော်မှာ အခုဆိုရင် လူဦးရေပေါင်း (၇)သန်းကျော် ရှိလာပြီဖြစ်ပါတယ်။ မြို့ပြသယ်ယူပို့ဆောင်ရေးစနစ်အနေနဲ့ ဘာတွေကို အဓိကထားပြီး သုံးသလဲဆိုတော့ လေ့လာထားတဲ့ စစ်တမ်းတွေအရ အဓိက ကျွန်တော်တို့ ဘတ် (စ်)ကားလိုင်းတွေကို အသုံးပြု နေရတာ ဖြစ်ပါတယ်။ ဘတ်(စ်)ကားယာဉ်လိုင်းပေါင်း(၂၀၀)ကျော်တစ်နေ့ကိုယာဉ်စီးရေ(၈၀၀၀) ကျော်နဲ့ ပြေးဆွဲပေးနေပါတယ်။ ခရီးသွားပြည်သူ စုစုပေါင်းရဲ့ (၈၅%)ဟာ ဘတ်(စ်)ကားတွေကိုစီးနင်း နေတာဖြစ်ပါတယ်။ နောက်တစ်ခါ ကိုယ်ပိုင် ယာဉ်ငယ်များကို စီးနင်းနေတဲ့ လုပ်သားပြည်သူတွေ က(၂၄၀၀၀၀)ကျော် ရှိ ပါတယ်။ ရာခိုင်နှုန်းအားဖြင့် (၆%) ဖြစ်ပါတယ်။ မြို့ပတ်ရထားကို စီးနင်းနေတဲ့ လုပ်သားပြည်သူ တွေကတော့ (၁၃၀၀၀၀)ကျော်ရှိပြီးတော့ ရာခိုင်နှုန်းအားဖြင့် (၃%)ပဲ ရှိတာကို လေ့လာတွေ့ရှိရပါတယ်။ ဒီနေရာမှာ မြန်မာ့မီးရထားအနေနှင့် တွဲဆိုင်းပေါင်း (၂၁)ဆိုင်း၊ ခရီး စဉ်ပေါင်း (၂၀၀)ကျော် နှင့် ပြေးဆွဲပေးနေတယ် ဆိုတာကိုလည်း လေ့လာသိရှိထားပါတယ်။ ဒီလိုပြေးဆွဲ နေတဲ့နေရာမှာဒီဇယ်စက်ခေါင်းပေါင်း(၁၈)ခေါင်း၊ RBE လို့ခေါ်တဲ့ အများသိတဲ့ကားရထား(၃)စီး၊ အဲဒါတွေနဲ့ နေ့စဉ် ပြေးဆွဲပေးနေတာကို တွေ့ရှိရပါတယ်။ ရန်ကုန်မြို့တော်ရဲ့ တိုးတက် လာတဲ့ လူဦးရေ (Population) ထူထပ်လာပြီဆိုရင် နိုင်ငံတကာမှာ ကျင့်သုံးနေတဲ့ စနစ်တွေအရ ယာဉ်ကြောပိတ်ဆို့တဲ့ ပြဿနာကို ဖြေရှင်းဖို့ဟာ ဘတ် (စ်)ကား တစ်မျိုးတည်းကို မှီခိုလို့ မ ရတော့ပါဘူး။ မြို့ပတ်ရထားစနစ်ကို မြှင့်တင်ဆောင်ရွက်ပေးနိုင်မှ ဒီမှာအသုံးပြုတဲ့သူများမှာ ဖြစ် ပါတယ်။ဒီနေရာမှာ အ ခြေခံအကျဆုံးကတော့ မြန်မာ့မီးရထား ရဲ့ ရထားပို့ဆောင်ရေးဝန်ကြီးဌာနရဲ့ စေတနာနဲ့ အထူးပင် သက်သာတဲ့ စရိတ်စကနဲ့ အခြေခံ အကျဆုံးသော လုပ်သား ပြည်သူတွေဟာ မြို့ပတ်ရထားကို အသုံးပြု စီးနင်း နိုင်တာဖြစ်ပါတယ်။ ဒါပေမယ့် ဒီနေရာမှာ တစ်ဖက် ကလည်း ဘာကိုတွေ့ရှိသလဲဆိုတော့ ရထားများရဲ့ ကြံ့ခိုင်မှု အခြေအနေ သန့်ရှင်းမှုအခြေအနေ ဒါတွေဟာ တော်တော်လေးအားနည်းနေပါတယ်။ နောက်ပြီး တော့အဓိကအကျဆုံး ကတော့ အချိန်မီ မရောက်ရှိခြင်း၊ အချိန်မှန် ပြေးဆွဲနိုင်ခြင်းမရှိတာကြောင့်၊ ပြည်သူတွေအနေနဲ့ အခက်အခဲ တွေ့နေရတာ ဖြစ်ပါတယ်။ ပြေးဆွဲနေတဲ့ လက်ရှိ ရှိနေတဲ့ လမ်းကြောင်း အနေအထားအရ မြို့တော်နေ ပြည်သူလူထုက (၃%)ပဲ အသုံးပြုနေတယ် ဆိုတာ

နည်းပါးနေပါသေးတယ်။ မြို့ပတ် ရထားများကို ရန်ကုန်မြို့တွင်းမှာ ခရီးသွားလာနေတဲ့ သူတွေ စုစုပေါင်းတစ်နေ့ကို(၃သန်းခွဲနဲ့၄ သန်း)လောက်ရှိတဲ့ အထဲက(၅၀)%လောက် တိုးတက် အသုံးပြု လာနိုင်မယ်ဆိုရင် စီးပွားရေးမြို့တော် ရန်ကုန်မြို့အတွက် အများကြီး ပိုပြီးတော့ သယ်ယူပို့ဆောင် ရေးကဏ္ဍမှာ အဆင်ပြေချောမွေ့လာမယ်လို့ ထင်မြင်ယူဆလို့ ဒီမေးခွန်းကို မေးမြန်းခြင်း ဖြစ်ပါတယ်။ ဒီအတွက်ကြောင့်မို လို့ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနကို အထူး ပြုမေးမြန်းလိုတဲ့ မေးခွန်း(၅)ခုရှိပါတယ်။ နံပါတ် (၁) အချက်ကတော့ ရန်ကုန်မြို့တော်ရဲ့ မြို့ပတ်ရထားစနစ်မှာ ရထားလမ်းသစ်တွေ တိုး ချဲ့ဖောက်လုပ် ပေးနိုင်ခြင်း ရှိ /မရှိ။ နံပါတ် (၂) အချက်ကတော့ ရထားလမ်းကြောင်းသစ်တွေ တိုးချဲ့ပြေးဆွဲပေးနိုင်ခြင်း ရှိ /မရှိ။ နံပါတ် (၃) အချက်ကတော့ ရထား စက်ခေါင်းများ၊ လူစီးတွဲများကို လုံ လောက်စွာ ဖြည့်တင်းပေးနိုင်ခြင်း ရှိ/မရှိ။ နံပါတ် (၄)ကတော့ စီးပွားရေးမြို့တော်ရဲ့ ဂုဏ်အင်္ဂါရပ်နှင့် အညီ လူစီးရထားတွဲတွေကို သန့်ရှင်းသပ်ရပ်၊ ကြံ့ခိုင်မှုပြည့် ဝစွာနဲ့ အဆင့်အတန်းမြှင့်တင်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ /မရှိ ။ နောက်ဆုံး နံပါတ် (၅)အချက်ကတော့ ရပာန်းရှင် လူ ပြည်သူများ၊ ဝန်ထမ်းများ၊ ကျောင်းသူ /သား များ မိမိသွားလိုရာ ခရီးကို အချိန်မီ သွားရောက်နိုင်ဖို့အတွက် နိုင်ငံတကာအဆင့်မီ အချိန် နှင့်တ စ်ပြေးညီ အချိန်မှန်ကန်တိကျစွာ ပြေးဆွဲနိုင်ခြင်း ရှိ /မရှိ တို့ကို ဖြေကြားပေးပါရန် လေးစားစွာ ဖြင့် တင်ပြမေးမြန်းအပ်ပါတယ်။ ကျေးဇူးလည်း အထူးပဲတင်ရှိပါတယ်ခင်ဗျား။

**မန္တလေး-ရွှေဘို-မြစ်ကြီးနား မီးရထားလမ်းကြော င်းကို ရာသီမရွေး စိတ်ချလက်ချ ခရီးသွား လာနိုင်စေရေးအတွက် စီစဉ်ထားရှိမှု အခြေအနေနှင့်စပ်လျဥ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ ။** ။ ဆက်လက်ပြီးကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန် ၏ မန္တလေး -ရွှေဘို-မြစ်ကြီးနား မီးရထားလမ်းကြောင်းကို ရာသီမရွေး စိတ်ချလက်ချ ခရီးသွားလာ နိုင်စေရေးအတွက် စီစဥ်ထားရှိမှု အခြေအနေနဲ့စပ်လျဥ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။လေးစားအပ်ပါ သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား ။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန် ဖြစ်ပါတယ်။ လေးစား အပ် ပါသော ဥက္ကဋ္ဌကြီးနဲ့ ဝန်ကြီး ၊ အမျိုးသားလွှတ်တော်ကိုယ်စား လှယ်များ အားလုံးကို မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ်အပိုင်းနဲ့

ဆက်စပ် နေတဲ့ ရထားလမ်းကြောင်းများနဲ့ ပတ်သက်ပြီးတော့ တင်ပြမေးမြန်းသွားမှာ ဖြစ်ပါတယ်။ ယခုအခါမှာ မန္တလေး ရွှေဘို - မြစ်ကြီးနား ရထား လမ်း တစ်လျှောက်မှာ နေ့ချင်းပေါက် အမြန်ရထားတွေ ပြေးဆွဲနေပြီ ဖြစ်တဲ့အတွက် အများကြီး အဆင်ပြေလျက် ရှိပါတယ်။ အဲဒါအပြင် ကသာ-ဗန်းမော် ရထားလမ်းပိုင်း နောက်ပြီး၊ မြစ်ကြီးနား ဗန်းမော်-မိုးမိတ်-နမ့်ဆန်ရထားလမ်း များကိုလည်းပဲ တည်ဆောက်နေပြီဖြစ်တဲ့ အတွက်ကြောင့် အင်မတန်မှလည်း နိုင်ငံတော်ကို ကျေးဇူးတင်မဆုံး ဖြစ်ရသလို များစွာလည်းနှစ်ထောင်းအားရ ဖြစ်မိ ပါတယ်။ ဒါပေမယ့် မန္တလေး ရွှေဘို - မြစ်ကြီးနားရထားလမ်း၊ စစ်ကိုင်းတိုင်း အင်းတော်မြို့နယ် လင်းဇာ၊ ဘုံချောင်းရထားလမ်း တစ်လျှောက်မှာ မိုးတွင်းကာလများမှာ ရထားတွဲ ချော်တာတို့၊ တိမ်းမှောက်တာတို့ ဖြစ်လေ့ဖြစ်ထ ရှိတတ်ပါတယ်။ ဒါကြောင့် မန္တလေး -ရွှေဘို-မြစ်ကြီးနား ရထားလမ်း၊ တစ်နှစ်ပတ်လုံးရာ သီမရွေး စိတ်ချလက်ချ အချိန်မှန် အဆင် ပြေချောမွေ့စွာ သွားလာနိုင်ရေး အတွက် စီမံထားရှိမှု အခြေအနေကို သိရှိနိုင်ရန် အတွက် ရထားပို့ ဆောင်ရေး ဝန်ကြီးဌာနကို လေးစားစွာနဲ့ တင်ပြ မေးမြန်းခြင်း ဖြစ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ယခု လွှတ်တော်ကိုယ်စားလှယ်များရဲ့ မေးမြန်းချက်များ ကို ရထားပို့ဆောင်ရေး ဝန်ကြီးဌာန၊ ဝန်ကြီးက တစ်ခုချင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၉။**

**ဖြေကြားချက်**

**ဦးအောင်မင်း(ဝန်ကြီး၊ရထားပို့ဆောင်ရေးဝန်ကြီးဌာန)။** ။လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၄)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြတ်ဉာဏစိုးမှ ရန်ကုန်မြို့ ပတ်ရထားစနစ်ကို တိုးချဲ့ အဆင့်မြှင့်တင်ပေးနိုင်ရေးအတွက် မြို့ပတ်ရထား လမ်းသစ်များဖောက်လုပ်ခြင်း၊ မြို့ပတ်ရထားလမ်းကြောင်းသစ်များပြေးဆွဲ ခြင်း၊ ရထားစက်ခေါင်းနှင့် လူစီးတွဲများကို လုံလောက်စွာ ဖြည့်တင်းပေးခြင်းနှင့် ့ စီးပွားရေးမြို့တော် အင်္ဂါရပ်နှင့်အညီ ရထား အဆင့်အတန်း မြှင့်တင်ပြေးဆွဲပေးနိုင်ခြင်း ရှိ မရှိ မေးမြန်းထားပါတယ်။ ဦးမြတ်ဉာဏစိုးရဲ့ မေးခွန်းကို ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ကျွန်တော် ဦးအောင်မင်း မှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ရန်ကုန်မြို့မှာ မြို့ပတ်ရထား နှင့် မြို့ပတ်ရထားများနှင့် ဆက်စပ် လျှက် ရှိသည့် လှော်ကား၊ သန် လျင်၊ အုတ်ဖိုစု၊ သီလ ဝါ၊ ဆင် ခြေဖုံးရထားဟူ၍ နှစ်မျိုး

နှစ်စားရှိရာ တစ်ပေါင်းတည်း ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ၁၉၈၈ ခုနှစ်မတိုင်မီက မြို့ပတ်ရထား နှင့် ဆင်ခြေဖုံးရထားများ အတွက် တွဲဆိုင်း (၉)ဆိုင်း၊ နေ့စဉ်ခေါက်ရေ(၁၀၀)ခန့် ပြေးဆွဲခဲ့ရာမှ ယခုဆိုရင် တွဲဆိုင်း (၂၁)ဆိုင်း၊ နေ့စဉ် ခေါက်ရေ (၂၀၀)ခန့် တိုးတက်ပြေးဆွဲလျက်ရှိပြီး ခရီးသည်နေ့စဉ် တစ်သိန်းကျော်ခန့် ပို့ဆောင်ပေးလျက် ရှိပါတယ်။ ရန်ကုန်မြို့ရဲ့ နယ်နိမိတ်ကျယ်ဝန်းလာတာနဲ့အမျှ အပြင်စည်း မြို့ပတ်ရထားလမ်းသစ်ကို ဖောက်လုပ်ပေးရန် အတွက် တိုးကြောင်က လေး၊ ဒဂုံတက္ကသိုလ်၊ ပုလဲ မြို့သစ်မှတစ်ဆင့် လှော်ကားသို့ အပြင်စည်း မြို့ပတ်ရထားလမ်းသစ် တိုးချဲ့ ဖောက်လုပ်နိုင်ရန် တိုင်းတာမှုများ ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ မြို့ပတ်ရထားခရီးစဉ်များ တိုးချဲ့ပြေးဆွဲဖို့ ဆောင်ရွက်ရာမှာ မြို့တွင်း ယာဉ်ကြော ပိတ်ဆို့မှုမဖြစ်ပေါ်ရေး ကိစ္စကို ထည့်သွင်းစဉ်းစားရပါမယ်။ ရန်ကုန်မြို့ပတ်ရထားလမ်းဟာ ခရီးမိုင်(၃၀)ရှိပြီး မြို့တွင်းကားလမ်းများကို ဖြတ်ကျော်ရာမှာ ရထားလမ်းကူးနေရာ စုစုပေါင်း (၆၅) နေရာရှိပါတယ်။ မြို့ပတ်ရထား တစ်စင်းဖြတ်ရန် လမ်းပိတ်ထားချိန်တွင် တစ်ကြိမ်မှာ ကားအစီးရေ (၃၀၀) ခန့် ရပ်တန့် စောင့်ဆိုင်းပေးရပါတယ်။ ဒီကိစ္စကို ဖြေရှင်းရန် အတွက်ကားလမ်းဂုံးကျော်(၂၄)ခုကိုတည်ဆောက်ခဲ့ပြီး၊ ကားလမ်း ဂုံးကျော်(၄၁)နေရာ တည်ဆောက်ရန် ကျန်ရှိပါသေးတယ်။ ခရီးသည်များများသယ်ယူပို့ဆောင်နိုင်ရေးအတွက် မြို့ပတ်ရထားခရီးစဉ် (၂၀၀)ကို တိုးချဲ့ခြင်းမပြုဘဲ ရထားတွဲဆို င်းများတွင် တွဲများ ပိုမိုချိတ်ဆွဲပေးရန် စီစဉ်ထားပါတယ်။ ယခုအခါတွင် စက်ခေါင်းသစ်နှင့် လူစီးတွဲများကို ပြည်တွင်း ၌ အဆင့်မီ ထုတ်လုပ်နိုင် ရေးအတွက် စက်ခေါင်းစက်ရုံကို နေပြည်တော်မှာ လည်းကောင်း၊ လူစီးတွဲစက် ရုံကို မြစ်ငယ်မှာ လည်းကော င်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူတည်ဆောက်ရန် စီစဉ် ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ စက်ရုံတည်ဆောက်မှုကာလ (၂)နှစ်ခန့် အချိန်ယူရမည် ဖြစ်ပြီး စက်ရုံပြီးစီး ပါလျှင် အဆင ့်မီ စက်ခေါင်းများ၊ တွဲသစ်များ ထုတ်လုပ်ဖြည့်ဆည်းပေးသွားနိုင်မှာဖြစ်ပါတယ်။ အဆင့်မီ ရထားစက်ခေါင်းနှင့်၊ လူစီးတွဲများ ပြည်တွင်း၌ မထုတ်လုပ်မီ ကာလတွင် ခေါင်းတွင်အင်ဂျင်ပါသော (D.M.U)လူစီးတွဲများကို ဝယ်ယူ တင်သွင်းပြီး ပြေးဆွဲသွားရန် စီစဉ်လျက်ရှိကြောင်း ဖြေရှင်းတင်ပြအပ်ပါတယ် ။

ဒုတိယမေးခွန်းကို ဆက်လက် ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ မဲဆန္ဒနယ် အမှတ်(၁) ကိုယ်စားလှယ် ဦးခက် ထိန်နန်မှ မန္တလေး -ရွှေဘို-မြစ်ကြီးနား ရထားလမ်းကြောင်း ကို ရာသီမရွေး စိတ်ချ လက်ချသွားလာနိုင်ရေး အတွက် ရထားပို့ဆောင်ရေး

ဝန်ကြီးဌာန အနေဖြင့် စီစဥ်ထားမှု အခြေအနေများကို မေးမြန်းထားပါတယ်။ ဤအမေး ကို ကျွန်တော်ကပဲ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ရထားပို့ဆော င်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ နေ့စဥ်ရထားခရီးစဥ်(၄၀၀)ခန့် ပြေးဆွဲလျက်ရှိပြီးတော့ ခရီးသည်နှစ်သိန်းခန့်ကို သယ်ယူပို့ ဆောင်ပေးလျက် ရှိပါတယ်။ ခရီးသည်နှင့် ကုန်အများဆုံး ပို့ဆောင်ပေး နိုင်မှု အခြေအနေပေါ် မူတည်ပြီး ရထားလမ်းများကို ဦးစားပေးအဆင့်များ သတ်မှတ်ထားပါတယ်။ ရန်ကုန် -မန္တလေး ရထားလမ်းဟာ ဦးစားပေး (၁) ဖြစ်ပါတယ်။ မန္တလေး -မြစ်ကြီးနား ရထားလမ်းဟာ ဦးစားပေး (၂) ဖြစ်ပါတယ်။ ရန်ကုန် -မော်လမြိုင် မီးရထားလမ်းဟာ ဦးစားပေး (၃) ဖြစ်ပါတယ်။ ရန်ကုန် -ပြည်-ပုဂံ မီးရထားလမ်းဟာ ဦးစားပေး (၄) ဖြစ်ပါ တယ်။ ယခုတင်ပြထားတဲ့ မန္တလေး -မြစ်ကြီး နား လမ်းပိုင်း ဟာ အမှတ် (၂) ဦးစားပေး လမ်းကြောင်း ဖြစ်ပါတယ်။ မြစ်ကြီးနားပြည်သူတွေဟာ ရထားခရီးစဥ် ကိုသာ အဓိက အားထား သုံးစွဲနေရတာဖြစ်တဲ့အတွက် တစ်ခြားလမ်းကြောင်းများ ထက် ပိုမိုအလေးထား ဆောင်ရွက်ပေးခဲ့ ပါတယ်။ ၂၀၁၀-၂၀၁၁ခုနှစ်မှာ ထူးကဲစွာ မိုးရွာသွန်းမှုကြောင့် နငဲ ချောင်းရေတိုက်စားမှု ဖြစ်ပေါ်ပြီး နမ့်ခမ်းနှင့် ဘုံ ချောင်းကြားမှာ ချော င်းကမ်းပါးများ ပြတ်ကျရာတွင် ရထားလမ်းများ ပျက်စီးသွားခဲ့ပါတယ်။ ပထမအကြိမ်(၂၆-၉-၂၀၁၀) ရက်နေ့မှ (၂၉-၉-၂၀၁၀) ရက်နေ့ထိ ဖြစ်ပွားခဲ့ ပါတယ်။ ဒုတိယအကြိမ် (၆-၁၀-၂၀၁၀) ရက်နေ့မှ (၈-၁၀-၂၀၁၀) ရက်နေ့ထိ ဖြစ် ပွားခဲ့ပါတယ်။ စုစုပေါင်း(၂)ကြိမ် ဖြစ်ပွားခဲ့ပြီး (၇)ရက်ခန့် ရထားခရီးစဥ် များကို ဖျက်သိမ်းခဲ့ရပါတယ်။ ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့မှာ နိုင်ငံတော် အကြီးအကဲက မန္တလေး-မြစ်ကြီးနားရထားလမ်းကို ယခင်(၂၄)နာရီပြေးဆွဲရာမှ ယခု (၁၆)နာရီဖြင့် အရောက်ပြေးဆွဲရ န် တာ ဝန်ပေးချက်အရ ရထားလမ်းအဆင့်မြှင့်တင်ရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ မန္တလေး-မြစ်ကြီးနားလမ်း (၃၅၇)မိုင်မှာ ယခင်က ပေါင် (၆၀)သံလမ်းများ အစား၊ ယခု (၇၅)ပေါင် သံလမ်းများကို အစားထိုးလဲလှယ်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ရထားလမ်း တစ်လျှောက်ဖြည့်တင်းထားတဲ့ သစ်သား ဇလီဖားများ(၈၇၃၉၃၆)တုံးနဲ့ (၃၃)%ဖြစ်တဲ့ (၂၉၁၃၁၂)တုံးကို ကွန်ကရစ် ဇလီဖားများအဖြစ် အစားထိုးလဲလှယ် ပေးခဲ့ပါတယ်။ ထပ်ပြီးတော့လည်း လဲလှယ်လျက်ရှိ ကြောင်း တင်ပြ အပ်ပါ တယ်။ တံတားများကြံ့ခိုင် ကောင်း မွန်အောင်လည်း ဆောင်ရွက်ခဲ့ပါတယ်။ ကျောက်ကျင်း (၁၅၇၇၉)ကျင်း ဖြည့်တင်းပေးခဲ့ပါတယ်။ ယခုအ ခါမှာ မန္တလေး -မြစ်ကြီးနား အမြန်ရထားကို ယခင် (၂၄) နာရီမှ ယခု (၁၆) နာရီဖြင့် ပြေးဆွဲပေး လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

နမ်းခမ်းနှင့် ဘုံချော င်းကြား နငဲ ချောင်းကမ်းပါး ထပ်မံပြိုကျမှု မရှိ စေရေးအတွက်လည်း အောက်ပါအတိုင်း ဆောင်ရွက်ထားရှိပါတယ်။ နငဲချောင်း၏ ရေလမ်းကြောင်းများ ကို လွှဲပြောင်းပြီး ဖြစ်ပါတယ်။ ချောင်းကမ်းပါး တစ်လျှောက် ကျောက်စီနံရံများကို (၃)နေရာမှာ တည်ဆောက်ပေးခဲ့ပါတယ်။ အလျား ၄၅ပေ၊ ထု ၁၀ပေ၊ အမြင့် ၁၃ ပေ၊ တစ်နေရာ။ အလျား ၁၀၀ ပေ၊ ထု ၇ပေ ၆လက်မ ၊ အမြင့် ၇ ပေ၊ တစ်နေရာ။ အလျား ၁၀၀ပေ၊ ထု ၁၃ပေ၊ အမြင့် ၁၅ ပေ၊ တစ်နေရာ။ စုစု ပေါင်း သုံးနေရာ။ အလျား ၂၄၅ ပေကို ကျောက်စီနံရံ တည်ဆောက်ပြီး ဖြစ်ပါတယ်။ မန္တလေး -မြစ်ကြီးနားရထားလမ်းကို ရာသီမရွေး စိတ်ချလက်ချ သွားလာနိုင်ရေး အတွက် မိုးမကျမီ အချိန်ရသမျှ တိုးမြှင့်ဆောင်ရွက် သွားမည် ဖြစ်ကြောင်း တင်ပြအပ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးပေါ်လျှံလွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)၏ ပလက်ဝမြို့နှင့်မတူပီမြို့ကို ဆက်သွယ်သော မော်တော်ကားလမ်းအားအမြန်တည်ဆောက်ရန် လိုအပ်ပါကြောင်းနှင့် စပ်လျဉ်းသည့် မေးခွန်းကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်၏ ပြန်လည်ဖြေကြားချက်**

**ဦးခင်မောင်မြင့်(ဝန်ကြီးဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လာပါသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်ဝကြပါစေ လို့ ဆုတောင်းရင်း နှုတ်ခွန်း ဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ ဆော က်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ဖြစ်ပါ တယ်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၉) ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပေါ်လျှံလွင်မှ အမျိုးသားလွှတ်တော်အစည်းအဝေးသို့ မေးမြန်းသည့် " ပလက်ဝမြို့ နှင့် မတူပီ မြို့ကို ဆက်သွယ်သော မော်တော်ကားလမ်းအား အမြန် တည်ဆောက်ရန် လိုအပ်ပါကြောင်း " မေးခွန်းနှင့် ပတ်သက်လို့ ရှင်းလင်းတင်ပြအပ်ပါတယ်။

ကျွန်တော်အနေဖြင့် နိုင်ငံ တော်မှ ချင်းပြည်နယ်အပေါ် လမ်းပန်း ဆက်သွယ် ရေးများ ဆောင်ရွက်ထားချက်များကို ယခုလို ရှင်းလင်းပြောကြားခွင့်ရတဲ့အတွက် ဦးပေါ်လျှံလွင် အား ကျေးဇူးတင်ရှိပါတယ် ။

မတူပီ - ပလက်ဝလမ်းသည် (၁၃၅) မိုင် (၃)ဖာလုံရှည်လျားသည့် လက်ရှိလမ်း အခြေအနေကတော့ ကတ္တရာလမ်း (၀) မိုင် (၃)ဖာလုံ၊ ကျောက်လမ်း (၂)မိုင် (၁)ဖာလုံ၊ မြေလမ်း (အုကြောင်း)လမ်း (၁၃၂) မိုင် (၇)ဖာလုံ၊ စုစုပေါင်း (၁၃၅) မိုင်နဲ့ (၃)ဖာလုံ ဖြစ်ပါတယ်။

မတူပီ-ပလက်ဝလမ်းမှာ လုပ်ငန်းပမာဏကြီးမားပြီး လတ်တလော နယ်မြေအခြေ အနေအရဆောင်ရွက်နိုင်ခြင်း မရှိသေးသော် လည်း ပလက်ဝ မှ ပြည်သူများသည် မတူပီသို့ သွားလိုပါက ပလက်ဝမှ ကျောက်တော်သို့ (၃၃)မိုင် (၅)ဖာလုံ၊ ကျောက်တော်မှ အမ်းသို့ (၁၃၃) မိုင် (၅)ဖာလုံ၊ အမ်းမှ ပဒါန်းသို့ (၆၆) မိုင်၊ ပဒါန်းမှ ပေါက်လမ်းခွဲသို့ (၁၂၁) မိုင် ပေါက်ခွဲလမ်း မှ မင်းတပ်သို့ (၅၀)မိုင် (၂)ဖာလုံ၊ မင်းတပ်မှ မတူပီသို့ (၁၀၂) မိုင်တို့အား သွားပါက ခရီးပေါက် ခန့်မှန်းကြာချိန်မှာ တစ်ရက်ကျော်ခန့်နဲ့ ရောက်ရှိမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပလက်ဝမြို့နှင့် မတူပီမြို့ကို ဆက်သွယ် သော မော်တော်ကားလမ်း အား အမြန်တည်ဆောက်ရန် လိုအပ်ပါကြောင်း မေးခွန်းကို နောက်မှ စဉ်းစားမည်ဖြစ်ကြောင်း ဖြေကြားရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။

**[ ဦးပေါ်လျှံလွင်၏ ပလက်ဝမြို့နှင့် မတူပီမြို့ ကို ဆက်သွယ်သော မော်တော်ကား လမ်းအား အမြန်တည်ဆောက်ရန် လိုအပ်ပါကြောင်း အ ဆိုကို မေးခွန်းအဖြစ် မှတ်တမ်းတင်ခွင့်ပြုပါရန် တင်ပြချက်အား ဥက္ကဋ္ဌ ခွင့်ပြုပါသဖြင့် ဆောက်လုပ် ရေးဝန်ကြီးဌာနက မေးခွန်းအဖြစ်ပြောင်းလဲဖြေကြားခြင်းကို မှတ်တမ်းတင်ခြင်း ဖြစ်ပါသည်။]**

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့အတွက် ကြယ်ပွင့်ပြ မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း ကဏ္ဍပြီးဆုံးပါပြီ။ အမျိုးသားလွှတ်တော် အစည်းအဝေးကိုခေတ္တရပ်နားပြီး ၊(၁၁း၃၀)အချိန်မှာ ပြန်လည်ကျင်းပမှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး ပြန်လည် ထွက်ခွာနိုင်ပါပြီခင်ဗျား။

**အချိန်၊ ၁၁း၀၀။**

[အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကို ၁၁း၀၀ နာရီအချိန်တွင် ရပ်နားပြီး ၁၁း၃၀နာရီ အချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အစည်းအဝေးပြန်လည် စတင်တော့မှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဦးပေါ်လျှံလွင် ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ ဂန့်ဂေါမြို့နှင့်ရေဇွာမြို့အကြား ကားလမ်းအား ဆယ့်နှစ်ရာသီသွားနိုင်အောင် ပြုပြင်ပေးပါရန် နှင့် အရှေ့ဂန့်ဂေါနှင့် အနောက်ဂန့်ဂေါကြားရှိ ကြိုးတံတားအား ကားသွားနိုင်သော တံတားအဖြစ် တည်ဆောက်ပေးပါရန် အဆိုကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၁း၃၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး တင်သွင်းပြီး၊ ဆွေးနွေးပြီးတဲ့ အဆိုများကို သက် ဆိုင်ရာဝန်ကြီးဌာန ဝန်ကြီးက ပြန်လည် ရှင်းလင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။ ပထမဦးစွာ ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၉) မှ ဦးပေါ်လျှံလွင် တင်သွင်းထားသည့် ဂန့်ဂေါ နှင့် ရေဇွာမြို့ အကြား ကားလမ်းအား ဆယ့်နှစ်ရာသီ သွားနိုင်အောင် ပြုပြင်ပေးပါရန်နှင့် အရှေ့ ဂန့်ဂေါနှင့် အနောက်ဂန့် ဂေါကြားရှိကြိုးတံတားအား ကားသွားနိုင်သော တံတားအဖြစ် တည်ဆောက်ပေးပါရန် အဆိုကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးက ပြန်လည်ဖြေရှင်း ဆွေးနွေးဖို့ ဖြစ်ပါတယ် ။

**အချိန်၊ ၁၁း၃၁။**

**ဦးခင်မောင်မြင့်(ဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ တက်ရောက်လာကြ ပါသော အမျိုး သားလွှတ်တော် ကိုယ်စားလှယ်များနှင့် ဧည့် သည်တော်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့် ဝကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ဖြစ်ပါတယ်။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပေါ်လျှံလွင် မှ အမျိုးသားလွှတ်တော်အစည်းအဝေးကို အဆိုတင်သွင်းခဲ့ပါတယ်။ ဂန့်ဂေါမြို့နှင့် ရေဇွာမြို့အကြား ကားလမ်းအား ဆယ့်နှစ်ရာသီ သွားနိုင်အောင် ပြု ပြင်ပေး ပါရန်၊ အရှေ့ဂန့်ဂေါနှင့် အနောက်ဂန့်ဂေါကြားရှိ ကြိုးတံတားအား ကားသွားနိုင်သော တံတား အဖြစ် တည်ဆောက်ပေးပါရန် အဆိုနဲ့ပတ်သက်ပြီး ရှင်းလင်းပြောကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ နိုင်ငံတော်က ချင်းပြည်နယ် အပေါ်မှာ လမ်းပန်းဆက်သွယ်ရေးများ ဆောင်ရွက်ထား မှု ယခုလို ရှင်းလင်းပြောကြားခွင့်ရတဲ့အတွက် ဦးပေါ်လျှံလွင်အား အထူးပဲကျေးဇူးတင်ရှိပါတယ်။ ဦးပေါ်လျှံ လွင် ရဲ့အဆိုဟာ (၂)ခု ဖြစ်နေပါတယ်။ ပထမအဆိုဖြစ်တဲ့ ဂန့်ဂေါမြို့နှင့် ရေဇွာမြို့အကြား ကားလမ်းအား ဆယ့်နှစ်ရာသီ သွားနိုင်အောင် ပြုပြင်ပေးရန် နဲ့ပတ်သက်လို့ ချင်းပြည်နယ်သည် ရေဇွာမြို့နှင့် ဂန့်ဂေါမြို့ သို့ ဆက်သွယ်သောလမ်းဟာ (၁၀၄)မိုင် နဲ့ (၆)ဖာလုံ ကွာ ဝေးသောလမ်း ဖြစ်ပါတယ်။ မြေလမ်း၊ (၈၃)မိုင် နဲ့ (၁)ဖာလုံရှိပါတယ်။ ကျောက်လမ်း(၂၁)မိုင် နဲ့ (၅)ဖာလုံရှိပါတယ်။ မြေလမ်း(၈၃)မိုင် (၁)ဖာလုံ ကိုလည်း ကျောက်လမ်းအဆင့် ရောက်ဖို့ အတွက် နှစ် အလိုက် စီမံချက်များရေးဆွဲပြီး ဆောင်ရွက်လျှက်ရှိပါတယ်။

ဒုတိယအဆိုဖြစ်တဲ့ အရှေ့ဂန့်ဂေါနှင့်အနောက်ဂန့်ဂေါကြားရှိ ကြိုးတံတားအား ကားသွားလာနိုင်သောတံတား အဖြစ် တည်ဆောက်ပေးပါရန်နှင့်ပတ်သက်လို့ အရှေ့ဂန့်ဂေါနှင့် အနောက်ဂန့်ဂေါကြားတွင်ရှိသော (၇၀၀)ပေ ကျယ်သော ကြိုးတံတားဟာ လူကူးရန်အတွက်သာ တည်ဆောက် ပေးထားခြင်းဖြစ်ပါတယ်။ ၎င်းကြိုးတံတားကို ကားသွားနိုင်သော တံတား အဖြစ် တည်ဆောက်ရန် လောလောဆယ် အစီအစဉ် မရှိသေးကြောင်းပြောကြားလိုပါတယ်။ ဒါကြောင့်မို့လို့ ကိုယ်စားလှယ်တော်ကြီး တင်ပြထားသော ဂန့်ဂေါမြို့ နယ်ကနေ ပြီးတော့

ရေဇွာမြို့အကြား ကားလမ်းအားဆယ့်နှစ်ရာသီ၊ ရာသီ မရွေး သွားနိုင်အောင် နိုင်ငံတော်မှ အဆင့်ဆင့် ဆောင်ရွက် ပေးရန် တင်ပြချက်နှင့် ပတ်သက်လို့ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် အရှေ့ဂန့်ဂေါနှင့် အနောက် ဂန့်ဂေါကြားရှိ သော ကြိုးတံတားအား ကားသွားနိုင်အောင် တံတား အဖြစ် တည်ဆောက်ပေးရန် အဆိုသည် လ တ်တလောဆောင်ရွက်ပေးနိုင်သော၊ လတ်တလော ဆောင်ရွက်ရန်မလိုသေးသော တံတားဖြစ်ပါသဖြင့် တင်ပြထားသော အဆိုအား ရုပ်သိမ်း ပေးပါရန် မေတ္တာရပ်ခံ ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မူလအဆိုရှင် ဦးပေါ်လျှံလွင် က မိမိရဲ့အဆိုကို ရုပ်သိမ်းလိုခြင်း ရှိ/မရှိ တင်ပြပါ။

**အချိန်၊ ၁၁း၃၄။**

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ဝန်ကြီးများခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ဖြေကြားချက်အတိုင်း ကျွန်တော်သဘောတူပါတယ်။ အမှန် ဂန့်ဂေါလမ်းကို ဂန့်ဂေါနဲ့ ရေဇွာ လမ်းကို ပြုပြင်ပေးရင် ကျွန်တော့် အနေနဲ့ ကျေနပ်ပါတယ်။ အမှန်လိုအပ်တာက ဂန့်ဂေါနဲ့ ရေဇွာလမ်းဖြစ်ပါတယ်။ နံပါတ် (၂) အဆိုဖြစ်တဲ့ ကြိုးတံတားဟာ အမှန်တော့ ကျွန်တော်တို့ နေရာမဟုတ်ပါဘူး ။ မကွေးတိုင်းရဲ့ ဒေသဖြစ် တဲ့အတွက် ဒီဝန်ကြီးရဲ့ ဖြေကြားတဲ့ အတိုင်းပဲ ကျေနပ်ပါတယ်။ နံပါတ် (၂)အဆိုကို ကျွန်တော် ရုပ်သိမ်းပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၃၅။**

**ဥက္ကဋ္ဌ**။ ။ အဆိုရှင် ဦးပေါ်လျှံလွင် က ဂန့်ဂေါနှင့်ရေဇွာမြို့အကြား ကားလမ်းအား ဆယ့်နှစ်ရာသီသွားနိုင်အောင် ပြု ပြင်ပေးပါရန် အဆိုကို သဘောတူတဲ့အတွက် ဒီအဆိုတစ်ပိုင်းက အတည်ဖြစ်ပါတယ်။ အရှေ့ဂန့်ဂေါနှင့် အနောက်ဂန့်ဂေါကြားရှိ ကြိုးတံတား အား ကားသွားလာနိုင်သော တံတား အဖြစ် တည်ဆောက်ပေး ပါရန်အဆိုကို ပြန်လည် ရုပ်သိမ်းပါတယ်။ ပြန်လည်ရုပ်သိမ်းခြင်းနှင့် ပတ်သက်၍ လွှတ်တော်ရဲ့ သဘောဆန္ဒ ရယူပါမယ်။ ဦးပေါ်လျှံလွင်ရဲ့ အရှေ့ဂန့်ဂေါနှင့် အနောက်ဂန့်ဂေါကြားရှိ ကြိုးတံတား အား ကားသွား လာနိုင် သော တံတားအဖြစ် တည်ဆောက်ပေးပါရန်အဆို ကို ပြန်လည်ရုပ်သိမ်း ခွင့်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကသဘောတူတဲ့အတွက် ဦးပေါ်လျှံလွင်ရဲ့အရှေ့ဂန့်ဂေါ နှင့်အနောက်ဂန့်ဂေါကြားရှိကြိုးတံတားအား ကားသွားလာနိုင်သောတံတားအဖြစ် တည်ဆောက် ပေးပါရန် အဆိုကိုပြန်လည်ရုပ်သိမ်းခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ ပလက်ဝမြို့နဲ့မတူပီမြို့ကို ဆက်သွယ်သောမော်တော်ကားလမ်းအား အမြန်တည်ဆောက်ပေးပါရန် အဆိုကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၁း၃၇။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ကိုယ် စားလှယ်များခင်ဗျား ။ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင် တင်သွင်းထားတဲ့ ပလက်ဝမြို့နဲ့မတူပီမြို့ကို ဆက်သွယ် သော မော်တော်ကားလမ်းအား အမြန် တည်ဆောက်ပေးပါရန် အဆိုကို ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီးက ပြန်လည် ဖြေရှင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၈။**

**ဦးခင်မောင်မြင့် (ဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)** ။ ။လေးစားအပ်ပါ သော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ တက်ရောက်လာကြသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်ဝကြပါစေလို့ ဆုမွန်ကောင်းတောင်း ရင်း နှုတ် ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ဖြစ်ပါတယ်။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၉) အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးပေါ်လျှံလွင်မှ အမျိုးသားလွှတ်တော်အစည်းအဝေးသို့ အဆိုတင်သွင်းသည့် ပလက်ဝမြို့နှင့် မတူပီမြို့ကို ဆက် သွယ်သော မော်တော်ကားလမ်းအား အမြန် တည်ဆောက်ရန် လိုအပ်ပါကြောင်းဆိုတဲ့ အဆိုနဲ့ ပတ်သက်ပြီး ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါ တယ်။ ကျွန်တော့် အနေနဲ့ နိုင်ငံတော်မှ ချင်းပြည်နယ်အပေါ်မှာ လမ်းပန်းဆက်သွယ်ရေး ဆောင်ရွက်ထားချက်များ ကို ယခုလို ရှင်းလင်းပြောကြားခွင့်ရတဲ့အတွက် ဦး ပေါ်လျှံလွင် အား အထူးပင်ကျေးဇူးတင် ရှိပါကြောင်း ပြောကြားလိုပါတယ်။

မတူပီ-ပလက်ဝလမ်းဟာ ၁၃၅ မိုင်နဲ့ ၃ ဖာလုံ ရှည်လျားသော လမ်းဖြစ်ပါတယ်။ ကတ္တရာလမ်းကတော့ ၃ ဖာလုံပဲရှိပြီး ကျောက်လမ်း ၂ မိုင် ၁ ဖာလုံ၊ မြေလမ်း(လမ်းအူကြောင်း) ၁၃၂ မိုင် ၇ ဖာလုံ စုစုပေါင်း ၁၃၅ မိုင် ၃ ဖာလုံ ရှိပါတယ်။ မတူပီ -ပလက်ဝလမ်းဟာ လုပ်ငန်း

ပမာဏ ကြီးမားပြီး လတ်တလော နယ် မြေအခြေအနေအရ ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေး ပါဘူး။ သို့သော်လည်း ပလက်ဝမှ ပြည်သူများသည် မတူပီ ကိုသွားလိုပါက ပလက်ဝမှ ကျောက်တော်သို့ ၃၃ မိုင်နဲ့ ၅ ဖာလုံ၊ ကျောက်တော်မှ အမ်း ၁၃၃ မိုင် ၅ ဖာလုံ၊ အမ်းမှ ပဒါန် ၆၆ မိုင်၊ ပဒါန်မှ ပေါက်လမ်းခွဲ ၁၂၁ မိုင်၊ ပေါက်လမ်းခွဲမှ မင်းတပ် ၅၀ မိုင် နဲ့ ၂ ဖာလုံ၊ မင်းတပ်မှ မတူပီသို့ ၁၀၂ မိုင်တို့ကို သွားလာနိုင်ရေးအတွက် ခရီးလမ်းများ ပေါက်နေပြီဖြစ်ပါတယ်။

ခရီးလမ်းပန်းကို အမြန်သွားရောက်နိုင်တဲ့ကားနဲ့ဆိုရင် တစ်ရက် ခွဲခန့်နဲ့ကြာပြီး တော့ နှေးနှေးသွားမယ်ဆိုရင် နှစ်ညအိပ်နဲ့ ရောက်ရှိတော့မယ့် အ ခြေအနေမှာ ရှိပါတယ်။ ဒါ့ကြောင့်မို့ ပလက်ဝမြို့မှ မတူပီ မြို့သို့ ဆက်သွယ်ထားသော မော်တော်ကားလမ်းအား အမြန် တည်ဆောက်ရန် လိုအပ်ပါကြောင်း အဆိုသည် မတူပီနဲ့ ပလက်ဝသွားလာနိုင်ရေးအတွက် အခြားလမ်းကြောင်းမှ စီစဉ်ပေးထားပြီဖြစ်တဲ့အတွက် တင်ပြထားသော အဆိုကို ပြန်လည် ရုပ်သိမ်းပေးပါရန် မေတ္တာ ရပ်ခံပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၁း၃၉။**

**ဥက္ကဋ္ဌ။** ။ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က ဦးပေါ်လှုံလွင် ရဲ့အဆိုကို ဖြေရှင်းတင်ပြပြီးတဲ့နောက်မှာ အဆိုကို ရုပ်သိမ်းပေးဖို့ ပန်ကြားသွားပါတယ်။ ဒါကြောင့် အဆိုရှင် ဦးပေါ်လှုံလွင်ကမိမိရဲ့အဆိုကို ရုပ်သိမ်းလိုခြင်း ရှိ/မရှိ တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၉။**

**ဦးပေါ်လှုံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါ သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ရဲ့ အဆိုကို ဆောက်လုပ်ရေးဝန်ကြီးအနေနဲ့ ပြန်လည်ရုပ်သိမ်းပေးပါရန် တောင်းဆိုသော အခါ ကျွန်တော် အလွန်ဝမ်းနည်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပလက်ဝနဲ့ မတူပီမြို့နယ် လမ်း မရှိတာဟာ လွတ်လပ်ရေးရကတည်းက ကနေ့အထိ ဖြစ်ပါတယ်။ ပထမ ကျွန်တော် အဆိုပြုထား သလိုပဲ လွန်ခဲ့တဲ့ ၁၉၅၈ ဝန်းကျင်ကထဲကပဲ ဒီလမ်းသည်လိုအပ်ပါတယ် ဆိုပြီးတော့ လမ်းအူကြောင်း (၂)ပေကြောင်း ဖောက်လုပ်ပြီးသား ရှိပါတယ် ။ သို့သော်လည်းပဲ ခုနလိုပဲ ဒီလမ်းသည် ဝန်ကြီး ဖြေကြားသလိုပဲ နိုင်ငံတော်အတွက် ကုန်ကျငွေ အမြောက်အများဖြစ်လာမှာ ဖြစ်တဲ့အတွက် အရှုံး ပေါ်သည့်အတွက် နိုင်ငံတော်၏ငွေကို ဦးစားပေးပြီးတော့ ဒေသခံ လူတန်းစားလူမျိုးတွေ အကျိုးဖြစ်ဖို့ အားနည်းချက်များကိုထည့်သွင်း မစဉ်းစားနိုင်တာကို ယနေ့ အစိုးရအဆင့်ဆင့် အထိ တွေ့ရှိရတဲ့အတွက် အလွန်ဝမ်းနည်းပါတယ်။ သို့ သော်လည်းပဲ

ဝန်ကြီးက တင်ပြဆွေးနွေး သလိုပဲ လုပ်ငန်းပမာဏ တစ်တိုင်းတစ်ပြည်လုံးကို ခြုံကြည့်ရတဲ့ အခါမှာ လုပ်ငန်းပမာဏ ဦးစားပေးရတဲ့အဆင့် အမျိုးမျိုးရှိမည်ဖြစ်သောကြောင့် ကျွန်တော့်အဆိုအား ပြန်လည်ရုပ်သိမ်းဖို့ အစား ဥက္ကဋ္ဌအနေနဲ့ အ ဆိုအစား မေးခွန်းအနေနဲ့ မှတ်တမ်းတင်ပေးနိုင်မလားလို့ ကျွန်တော် အသနားခံတင်ပြပါတယ်။ ပြန်လည်ရုပ်သိမ်းဖို့ မဟုတ်ဘဲ ကျွန်တော့်အဆိုအား မေးခွန်းအ နေနဲ့ ပြောင်းလဲပေးနိုင်မလားလို့ ကျွန်တော်အဆိုပြု အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၄၀။**

**ဥက္ကဋ္ဌ**။ ။ ဦးပေါ်လျှံလွင် တင်သွင်းတဲ့အဆိုဟာ တကယ် တော့ မေးခွန်းရဲ့ သဘောသဘာဝနဲ့ပဲ ကိုက်ညီတဲ့အဆို ဖြစ်ပါတယ်။ ဒါကြောင့် စောစောက ရက်တွေမှာလည်း ဥက္ကဋ္ဌအနေနဲ့ မေးခွန်းရဲ့ သဘော သဘာဝက ဘယ်လို၊ အဆိုရဲ့ သဘော သဘာဝက ဘယ်လို၊ လွဲမှားနေတာလေးတွေ ရှိပါတယ်။ အခုကတော့ ပထမဦးဆုံး (Session) ဖြစ်တဲ့အတွက် ဒါတွေကို လိုက်လျောခွင့်ပြုထားတာရှိတယ်။ အခု တဖြည်းဖြည်းရက်တွေ ရလာတဲ့အခါ မိမိတို့ကိုယ်တိုင် မိမိတို့ ပြန်လည်ပြင်ဆင်သွားကြပါလို့ မေတ္တာရပ်ခံထားပြီးဖြစ်ပါတယ်။ ဒီနေ့ မူလအဆိုရှင် ဦးပေါ်လျှံလွင်က မိမိရဲ့အဆိုကို မေးခွန်းအဖြစ် ပြောင်းလဲမှတ် တမ်းတင်ပေးဖို့ ခွင့်တောင်း ခြင်း ကို ခွင့်ပြုပါတယ် ။ နောင်မှာတော့ လွှတ်တော်ကိုယ်စားလှယ်များဟာ မေးခွန်းနဲ့ သက်ဆိုင်တဲ့ တောင်းဆိုချက်တွေကို မေးခွန်းပုံစံ၊ မူဝါဒဆိုင်ရာ၊ စနစ်ဆိုင်ရာ၊ အကြံဉာဏ်ဆိုင်ရာ အဆိုတွေကို အဆိုကဏ္ဍ၊ ဒီလို ခွဲခွဲခြားခြား သတ်သတ်မှတ်မှတ်နဲ့ ဆောင်ရွက်သွားကြဖို့ သတိပေးပြောကြား လိုပါတယ်။

## ဦးကျွန်ခဲန်း ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်ပြီး ဝန်ထမ်းငယ်များအား ၎င်းတို့၏ လစာငွေမှ လစဥ်အရစ်ကျ ခုနှိမ်စနစ်ဖြင့် အမြန်တည်ဆောက်ပေးပါရန် အဆိုကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်း နှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၁း၄၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီးတော့ ဦးကျွန်ခဲန်း တင်သွင်းထားတဲ့ တန် ဖိုးနည်း အိမ်ရာများဆောက်လုပ်ပြီး ဝန်ထမ်းငယ်များအား ၎င်းတို့၏ လစာငွေမှ လစဥ်အရစ်ကျ ခုနှိမ်စနစ်ဖြင့်

ဝယ်ယူရေး စီစဥ်ပေးရန်အဆိုကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန် ကြီးက ပြန်လည် ဖြေရှင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၂။**

**ဦးခင်မောင်မြင့် (ဝန်ကြီး၊ဆောက်လုပ်ရေးဝန်ကြီးဌာန)** ။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ တကွ တက်ရောက်လာကြသော အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ကြီးများနဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်ဝကြပါစေလို့ဆုမွန်ကောင်း တောင်းရင်းနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီး ဌာန ဝန်ကြီး ဦးခင်မောင်မြင့်ပဲ ဖြစ်ပါတယ်။

ကျွန်တော်အနေဖြင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးကျွန်ခဲန်းမှ အမျိုးသားလွှတ်တော် အစည်းအဝေးသို့ အဆိုတင်သွင်းထားတဲ့ ချင်းပြည်နယ် တန်ဘိုးနည်းအိမ်ရာများ ဆောက်လုပ်ပြီး ဝန်ထမ်းငယ်များအား လစဥ် ၎င်းတို့၏ လစာငွေမှ အရစ်ကျ ခုနှိမ်စနစ်ဖြင့် ဝယ်ယူနိုင်ရေး စီစဥ်ပေးပါရန်ဆိုတဲ့ အဆိုနှင့် ပတ်သက်ပြီး ရှင်းလင်း ပြောကြားသွားမှာ ဖြစ်ပါတယ်။

ကျွန်တော့်အနေဖြင့် နိုင်ငံတော်မှ ချင်းပြည်နယ်ရှိ ဝန်ထမ်းများ နေထိုင်နိုင်ရေးနဲ့ ပတ်သက်ပြီးဆောင်ရွက်ထားချက်များကို ယခုလို ရှင်းလင်းပြောကြားခွင့်ရတဲ့အတွက် ဦးကျွန်ခဲန်း အား ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ တန်ဘိုးနည်း ဝန်ထမ်း ကိုယ်ပိုင် အိမ်ရာများ ဆောက်လုပ်ပြီး အရစ်ကျခုနှိမ်စနစ်ဖြင့် ရောင်းချရေးအတွက် စီစဥ်ဆောင်ရွက်ရန် အ ခြေခံ အားဖြင့် ဝန်ထမ်း၏ ဝင်ငွေနှင့် အိမ်ခန်း၏ တန်ဘိုးအားချိန်ဆ၍ လည်းကောင်း၊ ရင်းနှီး ဆောက်လုပ်ရန်အတွက် ဘဏ္ဍာငွေ အရင်းအမြစ် မတည်၍လည်းကောင်း စီမံဆောင်ရွက်ရ မည်ဖြစ်ရာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အပါအဝင် ဆက်နွယ် သည့် အစိုးရဌာနများ စုပေါင်း စီမံ အကောင်အထည်ဖော်ဆောင်ရမည့် လုပ်ငန်းစဥ်တစ်ရပ် လည်း ဖြစ်ပါတယ်။

လက်ရှိအနေအထားမှာ ချင်းပြည်နယ်မှာ အငှားချဝန်ထမ်း အိမ်ရာစခန်း (၃)ခုကို ဟားခါးမြို့၊ မင်းတပ်မြို့နှင့် ဖလမ်းမြို့တို့ တွင် တည်ဆောက်ပေးထားပြီး ဟားခါးမြို့မှာဆိုရင် နှစ်ခန်းတွဲ တိုက်(၄၉)လုံးမှ အခန်း (၉၈)ခန်း၊ လုံးချင်း (၅)လုံးမှ အခန်း (၅)ခန်း စုစုပေါင်း အိမ်ခန်း (၁၀၃)ခန်း ဖြစ်ပါတယ်။ မင်းတပ်မြို့မှာတော့ (၄)ခန်းတွဲတိုက်(၁၂)လုံးမှ အခန်း (၄၈)ခန်း နှင့်

လုံးချင်း (၃၄)လုံး မှ အခန်း (၃၄) ခန်း စုစုပေါင်း အိမ်ခန်းပေါင်း (၈၂)ခန်းနှင့် ဖလမ်းမြို့တွင် နှစ်ခန်းတွဲတိုက်(၅)လုံးမှ အခန်းပေါင်း (၁၀)ခန်းနှင့် လုံးချင်း (၆၄)လုံးမှ (၆၄)ခန်း စုစုပေါင်း အိမ်ခန်း(၇၄)ခန်း၊ ဒါကြောင့်မို့ ချင်းပြည်နယ် တစ်ခုလုံးအနေဖြင့် အိမ်ခန်း စုစုပေါင်း (၂၅၉)ခန်း ကို နေထိုင်ရေးအခက်အခဲရှိတဲ့ နိုင်ငံ့ဝန်ထမ်းများအား အငှားချထားပေးပြီး ဖြစ်ပါတယ်။

ချင်းပြည်နယ်တွင် တန်ဘိုးနည်း ဝန်ထမ်းအိမ်ရာ တည်ဆောက်ရာတွင် အရစ်ကျ ခုနှိမ်စနစ်ဖြင့်တည်ဆောက်ရောင်းချပေးမည့်ကိစ္စကိုတော့ လောလောဆယ်အစီအစဉ်မရှိသေး ပါဘူး။ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ တန်ဘိုးန ည်းအိမ်ရာများ ဆောက်လုပ်ပြီး ဝန်ထမ်းငယ် များအား လစဉ် ၎င်းတို့၏ လစာငွေမှ အရစ်ကျ ခုနှိမ်စနစ်ဖြင့် ဝယ်ယူနိုင်ရေး စီစဉ်ပေးရန် ကိစ္စနှင့် ပတ်သက်၍ နိုင်ငံတော်မှ အငှားချ ဝန်ထမ်းအိမ်ရာများ စီစဉ်ပေးထားပြီး ဖြစ်တဲ့အတွက် ကိုယ်စားလှယ်တော်ကြီး တင်ပြထားသည့် အဆိုသည် လ တ်တလော ဆောင်ရွက်နိုင်ခြင်း မရှိသေးပါသဖြင့် အဆိုအား ပြန်လည်ရုပ်သိမ်းပေးပါရန် ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၁း၄၅။**

**ဥက္ကဋ္ဌ။** ။ ဦးကျွန်ခဲန်းရဲ့ အဆိုကို ဆောက်လုပ်ရေးဝန်ကြီးက ရှင်းလင်း တင်ပြ ပြီးတဲ့နောက် အဆိုကို ရုပ်သိမ်းပေးဖို့ ပန်ကြားသွားပါတ ယ်။ မူလအဆိုရှင် ဦးကျွန်ခဲန်းက မိမိရဲ့ အဆိုကို ရုပ်သိမ်းလိုခြင်း ရှိ / မရှိ တင်ပြပါ။

**အချိန်၊ ၁၁း၄၆။**

**ဦးကျွန်ခဲန်း၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ် (၁)။** ။လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ကြွရောက်လာတဲ့ ဝန်ကြီးများနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ကျွန်တော်ကတော့ ဒီစာထဲမှာ အမှတ်စဉ်အရှေ့မှာ ဖော်ပြခဲ့တဲ့အတိုင်း ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျွန်ခဲန်း ဖြစ်ပါ တယ်။ ကျွန်တော် တင်ပြထားတဲ့ဟာနဲ့ ကျွန်တော့် အရင် ဦးပေါ်လျှံလွင် တင်ပြထားတဲ့ အချက်တစ်ချက်ကို ဆောက်လုပ်ရေးဝန်ကြီးက သုံးကြိမ်တိုင်တိုင် စင်မြင့်ပေါ်မှာ တက်ရောက်ပြီး မှ ဖြေရှင်းဆွေးနွေး ပေးတဲ့ အတွက်ကြောင့်မို့လို့ ဆောက်လုပ်ရေးဝန်ကြီးကိုလည်း ကျွန်တော် အထူးပဲကျေးဇူးတင်ပါတယ်။ အားလည်း အားနာပါတယ်။ ကျွန်တော် တင်သွင်းတဲ့ တန် ဘိုးနည်း အိမ်ရာဆိုတဲ့နေရာမှာ ဆောက်လုပ် ရေးဝန်ကြီးကနေပြီးမှ တော်တော်လေး ရှင်းပြသွားတဲ့ အတွက်ကြောင့် ကျွန်တော်အများကြီးပဲ ကျေးဇူးတင်ပါတယ်။ ဒီအစီအစဉ်ကို ဒီဝန်ထမ်းအိမ်ရာနဲ့ ပတ်သက်ပြီးတော့ ခုနဝန်ကြီးရှင်းပြတဲ့ဟာကိုကျွန်တော်အထူးပဲ သိရတဲ့အတွက် ဝမ်းသာပါတယ်။

ဒီဝန်ထမ်းအိမ်ရာနဲ့ပတ်သက်ပြီးအဲလိုနဲ့ ဝန်ထမ်းအိ မ်ရာမှာ နေရတာတော့ ကျွန်တော်အများကြီး ပျော်ပါတယ်။ ကျွန်တော်လည်း နေခဲ့ဘူး တယ်။ ကျွန်တော်တို့ အသက် (၆၀) ပြည့်တဲ့အခါမှာ ဒီဝန်ထမ်းတွေက မိမိနေမယ့်အိမ်ရာ စဥ်း စားရပြီ။ ခါးကိုင်းလာတယ်။ နောက် မျက်စိမှုန်လာတယ်။ နောက် အင်္ဂါနည်းနည်း ချို့တဲ့ပြီးတော့ တုန်ယင် လာတယ်။ အဲဒီအ ခါကျမှ ကျွန်တော်တို့ နေမယ့်အိမ်ကို ကျွန်တော်တို့စဥ်းစားရတဲ့အပိုင်းမှာဒီဌာနမှာ တာဝန်ထမ်းဆောင်တဲ့ အတောအတွင်းမှာ အိမ်ရာလေး ကို သူတို့လစာနဲ့ စပ်ဟပ်တဲ့ဟာ ဆောက်ပေးပြီးမှ အရစ်ကျ စနစ်နဲ့ ကြိုတင်ဝယ်ယူ စနစ်နဲ့ အဲဒီလိုနဲ့ ဆောက်ပေးနိုင်မလားဆိုတဲ့ အဆိုပဲဖြစ်ပါတယ်။ အားလုံးသိတဲ့အတိုင်း ပဲဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ဒီမှာ အစိုးရ အနေနဲ့ အဲဒီပုံစံမျိုး နဲ့ ဆောက်လုပ်ဖို့ မရှိသေးဘူးဆိုတာလည်း ကျွန်တော်သိရပါတယ်။ ကျွန်တော့် အဆိုကိုလည်း ကျွန်တော် ဒီကနေပဲ ရုပ်သိမ်းလိုက်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၈။**

**ဥက္ကဋ္ဌ**။ ။ အဆိုရုပ်သိမ်းတာလား၊ ရုပ်သိမ်းခြင်း မရှိတာလား။

**ဦးကျွန်ခဲန်း၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ရုပ်သိမ်းပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ တန်ဘိုးနည်းအိမ်ရာများ ဆောက်လုပ်ပြီး ဝန်ထမ်းငယ်များအား ၎င်းတို့၏ လစာငွေမှ လစဥ်အရစ်ကျ ခုနှိမ် စနစ်ဖြင့် ဝယ်ယူရေး စီ စဥ်ပေးရန်အဆိုကို အဆိုရှင် ဦးကျွန်ခဲန်းက ပြန်လည်ရုပ်သိမ်းခြင်းအတွက်ခွင့်ပြုရန် သင့်မသင့် လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူပါမယ်။

ဦးကျွန်ခဲန်း၏ အဆိုကို ပြန်လည်ရုပ်သိမ်းခွင့်ပြုရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် ဦးကျွန်ခဲန်းရဲ့ အဆိုကို ပြန်လည်ရုပ်သိမ်းခွင့် ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## အမျိုးသားလွှတ်တော် အစည်းအဝေး နဝမနေ့ရပ်နားခြင်းနှင့် အစည်းအဝေး ဒသမနေ့ ကျင်းပမည့် နေ့ရက် သတ်မှတ်ခြင်း

**အချိန်၊ ၁၂း၀၀။**

**ဥက္ကဋ္ဌ၊** ။အမျိုးသားလွှတ်တော်ကိုယ် စားလှယ်များခင်ဗျား။ ယခု အမျိုးသား လွှတ်တော် ပုံမှန် အစည်းအဝေး န ဝမနေ့ကို ရပ်နားပါမယ်။ အမျိုးသား လွှတ်တော် ပုံမှန်အစည်းအဝေး ဒသမနေ့ကို ၂၀၁၁ ခုနှစ်၊ မတ်လ ၁၅ ရက် (အင်္ဂါနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာ ပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမနေ့အစည်းအဝေးကို(၁၂း၀၀)နာရီအချိန် တွင် ရပ်နားပါသည်။]